
mgyoe.com

SAMPLE BOOK




mgyoe.com

mgyoe.com

SAMPLE BOOK

# A Street Cat Named Bob

## JAMES BOWEN



K0297

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဖင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၁၇ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - ဦးလင်းဇာနည် (သီရိဂုဏ်ဝေ ပုံနှိပ်တိုက်) [၀၁၄၃၇]
၃၂၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးလင်းဇာနည် (သီရိဂုဏ်ဝေ ပုံနှိပ်တိုက်) [၀၁၄၃၇]
၃၂၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ဘဆွေးကြည်

တန်ဖိုး - ၂၈၀၀ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# A Street Cat Named Bob

## လေလွင့်ကြောင်

**သင့်လူ**

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၆၁၈၃၇ ၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
www.facebook.com/KantKawWutYeePublishing
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## လေလွင့်ကြောင်နှင့် ပတ်သက်၍

လေလွင့်ကြောင် (A Street Cat Named Bob) ဆိုတာ ဂျိမ်းစ်ဘိုဝင် (James Bowen) နဲ့ သူ့ကြောင် Bob တို့ရဲ့ စတင်ဆုံဆည်းရာ ဖြစ်ပုံပျက်ပုံ အလုံးစုံကို မှတ်တမ်းတင်ထားတဲ့ မှတ်တမ်းစီးရီး စာအုပ်တွဲတွေရဲ့ ပထမဆုံး စာအုပ်ပါ။ အထုပ္ပတ္တိစာအုပ်မို့ ဂျိမ်းစ်ဘိုဝင်ရဲ့ အဖြစ်သနစ်တွေဟာ အမှန်အတိုင်း ဖြစ်ပျက်ခဲ့တာတွေကို အခြေခံထားပါတယ်။ ပေတေလေလွင့်ပြီး လမ်းဘေးရောက် ဆေးသမားဖြစ်ခဲ့တဲ့ ဘိုဝင်ဟာ ပညာရေးအရ အထက်တန်းတောင် မအောင်ဘူး။ ဒီစာအုပ်တွေကို စာရေးဆရာ ဂယ်ရီဂျင်ကန်စ် (Garry Jenkins) ရဲ့ အကူအညီနဲ့ ရေးခဲ့တယ်။ ထွက်သမျှ ဘော့ပ်စီးရီးတွေ အားလုံး အရောင်းရဆုံးစာရင်း ဝင်ခဲ့တယ်။

ခုစာအုပ် လေလွင့်ကြောင်ကို ၂၀၁၀ စက်တင်ဘာမှာ စတင်ထုတ်ဝေခဲ့တယ်။ ယူကေ တစ်နိုင်ငံထဲမှာ အုပ်ရေ တစ်သန်းကျော် ရောင်းရတယ်။ ဆန်းဒေးတိုင်းမ် သတင်းစာရဲ့ အရောင်းရဆုံး စာရင်းမှာ နံပတ်ဝမ်းတစ် ဂဏန်းတစ်အဖြစ် ၇၆ ပတ်ကြာ မင်းမူခဲ့တယ်။ ဘာသာပေါင်း ၃၀ ပြန်ဆိုခြင်း ခံရတယ်။ ၂၀၁၃ ဇူလိုင် ၃၀ မှာ လေလွင့်ကြောင်ကို အမေရိကန်မှာ ဖြန့်ချိတော့ နယူးယောက်တိုင်းမ် အရောင်းရဆုံး စာရင်းမှာ နံပတ် (၇) ချိတ်ခဲ့တယ်။ အဲဒီနောက်ပိုင်း The World According to

mgyoe.com

mgyoe.com SAMPLE BOOK

**Bob, Bob: No Ordinary Cat, Where in the World is Bob, My name is Bob, For the Love of Bob, A Gift from Bob** နဲ့ **Bob to the Rescue** ဆိုပြီး ကလေးဖတ်ဖို့ စာအုပ်တွေရော ပုံပြစာအုပ်တွေပါ အတွဲလိုက် ထွက်လာခဲ့တယ်။ အားလုံး ရောင်းကောင်းခဲ့တဲ့အတွက် ဂျိမ်းစ်ဘိုဝင်နဲ့ ဘော့ပ်ဟာ သူဌေးကလေးတွေ ဖြစ်ခဲ့ကြတယ်။ လေလွင့်ကြောင်ဟာ ယူကေရဲ့ ၂၀၁၂ အမျိုးသားစာပေဆု လျာထားစာရင်းဝင် စာအုပ်အဖြစ် စာရင်းသွင်း ခံခဲ့ရတယ်။ ၂၀၁၄ မတ်လမှာ ကမ္ဘာ့ စာအုပ်နေ့ အထိမ်းအမှတ် ဆယ်ကျော်သက် စာပေစာရင်းမှာ နံပတ် (၇) ချိတ်ခဲ့တယ်။

လေလွင့်ကြောင်ရဲ့ သက်ရောက်မှုဟာ စာအုပ်အဖြစ်နဲ့တင် ရပ်မနေခဲ့ဘူး။ ၂၀၁၆ မှာတော့ ဒါရိုက်တာ ရော်ဂျာစပေါ့တစ်ဝုဒ် က ရုပ်ရှင်အဖြစ် အသွင်ပြောင်း တင်ဆက်ခဲ့တယ်။ ဘော့ပ်က အဲဒီရုပ်ရှင်မှာ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့တယ်။ ဂျိမ်းစ်ဘိုဝင်နေရာမှာ သရုပ်ဆောင်တဲ့ မင်းသား လုခ်ထရက်ဒဝေး (Luke Treadaway) ရဲ့ သရုပ်ဆောင်မှုဟာ ပိုင်နိုင်ပီပြင်လွန်းလှသမို့ ရုပ်ရှင်ဟာ ၂၀၁၇ မတ် ၂၉ မှာ အကောင်းဆုံး ဗြိတိသျှ ဇာတ်ကားဆု ချီးမြှင့်ခံခဲ့ရတယ်။

ဘိုဝင်နဲ့ ဘော့ပ်ဟာ ခုချိန်မှာ စားဝတ်နေရေးအတွက် လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ဘဝတွေကို ကောင်းကောင်း ကျော်လွှားနိုင်ခဲ့ပြီမို့ အိမ်ခြေ၊ ယာခြေမဲ့ စောင့်ရှောက်ရေး၊ စာတတ်မြောက်ရေးနဲ့ တိရစ္ဆာန်တွေဘဝ သာယာဝပြောရေးစတဲ့ ပရဟိတ လုပ်ငန်းတွေမှာ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရင်း ဘဝကို အတူတကွ ဖြတ်သန်းနေကြလေရဲ့။

သူတို့ရဲ့ အတ္တနောမတိ စာအုပ်ကလေးဖြစ်တဲ့ လေလွင့်ကြောင်ဟာ ချစ်ခင်ဖွယ် သိင်္ဂါရရသကို ပေးစွမ်းနိုင်တဲ့ စာအုပ်ကလေးလို့ ဖတ်ရင်း ခံစားမိတာကြောင့် ဘာသာပြန် တင်ဆက်ပေးချင်စိတ် ဖြစ်လာပါတယ်။

ကြောင်နဲ့လူ နှစ်ယောက်တစ်အိပ်မက် ဇာတ်လမ်းဟာ ရင်ခုန်စိတ်လှုပ်ရှားဖွယ် မဟုတ်ပေမဲ့ နှလုံးသားကို နူးညံ့ပျော့ပြောင်း စေတယ်လို့ ခံစားရပါတယ်။ လွတ်လပ်စွာ ခံစားကြည့်ကြပါခင်ဗျာ။

သင့်လှူ

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

## ခရီးဖော်များ

တစ်နေရာရာမှာ ကျွန်တော်ဖတ်ခဲ့မိတဲ့ နာမည်ကျော် အဆိုအမိန့်တစ်ခု ရှိတယ်။ 'ဘဝရဲ့ နေ့ရက်တိုင်းမှာ ကျွန်တော်တို့ဟာ ဒုတိယမြို့ အခွင့်အရေးကိုယ်စီ ရှိကြသည်တဲ့။ ဆွဲယူလိုက်ဖို့ အဆင်သင့်ရှိနေပေမယ့် ကျွန်တော်ကို့ အဲဒီ အခွင့်အရေးကို မယူမိခဲ့ကြဖူးတဲ့။

ဒီအဆိုကို သက်သေပြဖို့ ကျွန်တော့်ဘဝမှာ အတော်လေး ကြာခဲ့တယ်။ နိဗ္ဗာန ရလာတဲ့ အခွင့်အရေးတွေ အများကြီး ရှိခဲ့ပေမယ့် ကျွန်တော် ဘယ်တုန်းကမှ မရယူနိုင်ခဲ့ပါဘူး။ အပြောင်းအလဲကြီးတစ်ခု အစပြုမဲ့ ၂၀၀၇ ခုနှစ် နွေဦး မရောက်ခင်အထိ ဆိုပါတော့။ ရောင်းရင်းကြီးဘော့ပ်နဲ့ မဆုံခင် အထိပေါ့လေ။ အတိတ်ကို ပြန်ကြည့်တဲ့ အခါမှာတော့ ဘော့ပ်မှာလည်း ဒုတိယမြို့ အခွင့်အရေးရှိလို့ ဖြစ်မယ်လို့ တစ်ယောက်ယောက်က ပြောနေ သလိုပါပဲ။

မတ်လရဲ့ အုံ့မှောင် ဝေရီနေတဲ့ ကြာသပတေးညနေခင်း တစ်ခုမှာ ကျွန်တော် သူနဲ့ စတွေ့ခဲ့တယ်။ လန်ဒန်ဟာ ဟေမန္တခြုံလွှာကို မချွတ်နိုင် သေးဘူး။ သိမ်းမြစ်ပြင်ကို ဖြတ်တိုက်တဲ့ လေစိမ်းတွေကြောင့် လမ်းတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်မယ် တူးတူးခါးခါး အေးနေတုန်း။ ညရောက်လေ ပိုအေးလေဖြစ်မှာမို့ ကိုဗန့်ပန်းခြံက တစ်ကိုယ်တော်ဖျော်ဖြေပွဲကို စောစောသိမ်းပြီး လန်ဒန် မြောက်ပိုင်း တော့တင်ဟမ်က ခိုနားရာနေရာသစ်ကို စောစောပြန်ဖြစ်ခဲ့တယ်။

ပုံမှန်အားဖြင့်ဆိုရင်တော့ ပခုံးပေါ်မှာ ဂစ်တာအိတ်ရယ်၊ ကျောပိုးအိတ်ရယ်ပဲ ပါတာပါ။ ဒီညတော့ အရင်းနှီးဆုံး သူငယ်ချင်း မဘယ်လီက ကျွန်တော်နဲ့အတူ ပါလာခဲ့တယ်။ အရင်နှစ်တွေတုန်းကတော့ အတွဲပေါ့လေ၊ ခုတော့ သူငယ်ချင်းပါပဲ။ အပေါစားညစာလေး ပါဆယ်ဆွဲလာတာ စားကြမယ်။ လမ်းထောင့် ပစ္စည်းဟောင်းဆိုင်က ရှာလို့ရထားတဲ့ အဖြူ၊ အမည်း တီဗွီလေးနဲ့ ရုပ်ရှင်ကြည့်ကြမယ်ပေါ့လေ။

ထုံးစံအတိုင်း တိုက်ခန်းဓာတ်လှေကားက ပျက်နေတယ်။ ဒါနဲ့ပဲ ငါးထပ်ကို လှေကားနဲ့တက်ဖို့ လှေကားဆီ ဦးတည်ရတာပေါ့။ စကြံလမ်းက မီးမလာ၊ လှေကားဆီ စမ်းတဝါးဝါး သွားနေတုန်း အမှောင်ထဲက ဝင်းဝင်းလက်နေတဲ့ မျက်လုံးအစုံကို သတိမထားမိဘဲ မနေနိုင်ဘူး။ 'ညောင်' ဆိုတဲ့ အသံတိမ်ကလေး ကြားလိုက်တော့ ဒါ ဘာလဲဆိုတာ သေချာ သိပြီပေါ့။

အနားကပ်ကြည့်တယ်။ ဝိုးတဝါး အလင်းရောင်အောက်မှာ ဂျင်ဂျာ ကြောင်ဝါကြီး တစ်ကောင် ဝပ်နေတာ တွေ့လိုက်တယ်။ ကျွန်တော်က ကြောင်တွေနဲ့အတူ ကြီးပြင်းလာတာဆိုတော့ ကြောင်တွေ့ရင် စိတ်ကမခိုင်ဘူး။ အနားတိုးပြီး သေချာ ကြည့်လိုက်တယ်။ အထီးလေး ခင်ဗျ။

အရင်က ဒီတိုက်ခန်းတွေမှာ သူ့ကို မတွေ့ဖူးပါဘူး။ ခု အမှောင်ထဲမှာ ဝိုးတဝါး မြင်ရတာပေမယ့် သူ့မှာ ထူးခြားတဲ့ ကြောင်ရည်ကြောင်သွေး ရှိတယ်ဆိုတာ ကျွန်တော် သေချာ သိနေသလိုပဲ။ သူဟာ နည်းနည်းမှကို မကြောက်ဘူး။ သူ့အိမ်သူ့ရာလို ကျကျနနကြီး ဝပ်ပြီးတော့ ကျွန်တော့်ကို မြိန့်မြိန့်ကြီး ကြည့်နေလိုက်တာများ ကျွန်တော်က သူ့ပိုင်နက်ထဲ ကျူးကျော်လာတာ ကျနေတာပဲ။ 'အိမ်း-မောင်မင်းက ဘယ်သူလဲ'၊ 'ဘာကြောင့် ရောက်လာတာလဲ' လို့ မေးနေသလိုပါပဲ။

ကျွန်တော်လည်း သူ့နားမှာ ဒူးထောက်ထိုင်ချရင်း ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရတာပေါ့။

"ဟေး-ဘော်ဒါကြီး၊ ငါ မင်းကို အရင်က မမြင်ဖူးပါဘူး၊ ဒီမှာ နေတာလား" လို့ မေးလိုက်တယ်။

mgyoe.com

သူကျွန်တော့်ကို ခုနကလိုပဲ မြိန့်မြိန့်ကြီး ကြည့်နေတယ်။ ဒီအကောင့် ငါ ယုံရမှာလားလို့ ချိန်ဆနေပုံပါပဲ။

သူ့ လည်ကုပ်လေးကို ပွတ်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ရင်းနှီးချင်တာက တစ်ကြောင်း၊ သူ ဘယ်သူ ဘယ်ဝါ ဆိုတာ ဖော်ပြတဲ့ ကော်လာတွေ ဘာတွေ တပ်ထားသလား သိချင်တာက တစ်ကြောင်းပေါ့။ ဘာကော်လာမှ မတွေ့ဘူး။ ဒါဆို သူဟာ လေလွင့်ကြောင်ပေါ့။ လန်ဒန်မှာက အဲဒီလို လေလွင့်ကြောင်တွေ အပေါ်သားပဲ။

သူက အဲဒီလို ယုယတာကို ကြိုက်ပုံပဲ။ ကျွန်တော့်လက်ကို လာပွတ်နေတယ်။ သူ့ခန္ဓာကိုယ်က အကွက်အကွက်ထပြီး ညစ်ပတ်နေပြီ။ ဆာလည်း ဆာနေပုံပဲ။ ကြင်နာယုယ ပိုက်ထွေးမှုတွေကိုလည်း လိုနေပုံပဲ။

"သနားစရာလေးပဲ၊ ပိုင်ရှင် မရှိဘူးထင်တယ်၊ ကော်လာလည်း တပ်မထားဘူး၊ ပိန်လိုက်တာလည်း ကြည့်ပါဦး"

လေ့ကားရင်းမှာ ကျွန်တော့်ကို စိတ်ရှည်လက်ရှည် ရပ်စောင့်နေတဲ့ ဘယ်လ်ကို ကျွန်တော် ပြောမိတယ်။

ကြောင်နဲ့ပတ်သက်ရင် ကျွန်တော် စိတ်မခိုင်တာကို သူကောင်းကောင်း သိတယ်လေ။

"ဂျိမ်းစ်ရေ၊ နင် ဒီကြောင်ကို ခေါ်ထားလို့ မဖြစ်ဘူးနော်"

ကြောင်ဝပ်နေတဲ့ အခန်းရဲ့တံခါးကို မေးငေါ့ပြရင်း သူကပြောတယ်။

"သူ့မှာ ပိုင်ရှင်ရှိမှာပဲ။ သူ့သခင်တွေ ပြန်လာတာကို စောင့်နေတာ နေမယ်"

အင်း-ဟုတ်မှာပဲလေ။ ဘယ်လောက်ပဲ ပိုင်ရှင်မဲ့လို့ ထင်သာမြင်သာ နေနေ သူ့ကို အခန်းထဲ ခေါ်သွားလို့ မဖြစ်ပါဘူး။ ကိုယ့်တစ်ယောက်တည်းတောင် အနိုင်နိုင်ရယ်။ ဒီတိုက်ခန်းက တစ်ယောက်ယောက် ပိုင်နေတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့။ ကြောင်တစ်ကောင်ကို ကျွေးမွေးဖို့၊ စောင့်ရှောက်ဖို့ဆိုတာ ကျွန်တော့်လို ဆေးဖြတ်ပြီးခါစ မျက်နှာမွဲ ဂီတသမား တစ်ယောက်အတွက် ခက်လွန်းပါတယ်။ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ဘဝလေ။

နောက်တစ်နေ့မနက် သောကြာနေ့မှာ လှေကားက ဆင်းလာတော့ ကြောင်ဝါကို မနေ့ကလိုပဲ ဝပ်နေတာ တွေ့လိုက်တယ်။ ဟင် -၁၂ နာရီလုံးလုံး သူ မလှုပ်မယှက် နေနေတာလား။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အနားမှာ ဒူးထောက်ထိုင်ပြီး ပွတ်သပ်ပေးမိပြန်တယ်။ သူ ဒါကို ကြိုက်တာ သေချာပါတယ်။ ကျွန်တော့်ကို ရာနှုန်းပြည့် မယုံရင်တောင် 'အိုကေပါ'လို့ သူတွေးနေမယ်လို့ ကျွန်တော် ပြောရဲတယ်။

လင်းလင်းရှင်းရှင်း မြင်ရတော့ သူဟာ အင်မတန်လှတဲ့ သတ္တဝါဆိုတာ သိပ်သေချာတာပဲ။ မျက်နှာကျကလည်း လှ၊ မျက်လုံးကြီးတွေကလည်း စိမ်းလဲ့လို့။ အနီးကပ်ကြည့်တော့ လား- လား၊ ဆော်ပွဲ နှက်ပွဲတွေ ဆင်နွှဲထားသကိုး။ မျက်နှာနဲ့ ခြေထောက်တွေမှာ ကုတ်ရာ ခြစ်ရာတွေနဲ့။ မနေ့ညက ထင်သလိုပဲ ခန္ဓာကိုယ် အမွေးတွေကတော့ အတော်ညစ်ပတ်နေပြီ။ အကွက်လိုက် အမွေးကျွတ်နေတဲ့ နေရာတွေ ဒါဇင်ဝက်လောက် ရှိတယ်။ သူ့ကို သနားမိပေမယ့် ကိုယ့်ကိုယ်ကိုယ် ပိုသနားဖို့ အရေးကြီးတယ်လို့ စိတ်ထဲက ပြောရင်း တော့တင်ဟမ်ကနေ မြို့လယ်ကောင် ကိုဗန့်ပန်းခြံသွားဖို့ ဘတ်စ်ကား မီအောင် သုတ်ခြေတင်ရတယ်။

ကျွန်တော် ပြန်ရောက်တော့ အတော်ညနက်နေပြီ။ ဆယ်နာရီ ထိုးခါနီး။ သူရှိတဲ့နေရာကို ချက်ချင်း အကြည့်ကရောက်။ ဟာ-မရှိတော့ဘူး။ စိတ်တစ်ချက် ထင့်သွားတယ်။ ဒါပေမဲ့ ရင်ထဲက အလုံးကြီး ကျသွားတာက ပိုပါတယ်။ ပိုင်ရှင် လာပြန်ကောက်သွားပြီနေမှာ။

နောက်တစ်နေ့မနက် လှေကားက ဆင်းလာတော့ သူ့ကို အရင်နေရာမှာ အရင်လိုလေးပဲ ဝပ်နေတာ တွေ့ရပြန်တော့ စိတ်နှလုံးဟာ နောက်ကျိသွားခဲ့တယ်။ သူ့ကြည့်ရတာ အားနည်းလာသလိုပဲ၊ ချမ်းနေ၊ ဆာနေသလိုပဲ၊ နည်းနည်းတောင် တုန်နေရှာတယ်။

"ဟယ်-ရှိနေတုန်းပဲလားကွာ၊ ဒီနေ့တော့ အခြေအနေ သိပ်မကောင်းဘူးနဲ့ တူတယ်၊ ဟုတ်လား"

တော်ပြီ။ ဆုံးဖြတ်ချက် ချလိုက်ပြီ။

သူဝပ်နေတဲ့ အခန်းကို တံခါးခေါက်လိုက်တယ်။ တစ်ခုခု ပြောမှ ဖြစ်တော့မယ်။ တကယ်လို့ သူတို့ မွေးထားတဲ့ကြောင်ဆိုရင် ဒီလို ပေယျာလကန် ပစ်မထားသင့်ဘူး။ သူ တစ်ခုခု စားဖို့၊ သောက်ဖို့ လိုတယ်။ ဆေးတောင် ကုပေးရမလား မသိ။

ဘဲတစ်ဗွေ တံခါးဖွင့်ပေးတယ်။ တီရှပ်နဲ့၊ အားကစားဘောင်းဘီနဲ့၊ မုတ်ဆိပ်ဗရပွနဲ့၊ နေ့ခင်းကြောင်တောင်ကြီး အိပ်နေရာက ထလာတဲ့ရုပ်နဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဒုက္ခပေးရတာ အားနာတယ် အပေါင်းအသင်း၊ ဒါ ခင်ဗျာ့ကြောင်လား"

သူ့ကို မေးလိုက်တယ်။

အရူးတစ်ယောက်ကို မြင်လိုက်ရသလိုမျိုး သူ ကျွန်တော့်ကို ကြောင်ကြည့်နေတယ်။

"ဘာကြောင်တုံး"

အောက်ငုံ့ကြည့်လိုက်မှ တံခါးဝမှာ ဝပ်နေတဲ့ ကြောင်ဝါကို သူ တွေ့သွားတယ်။

"ဟာ- မဟုတ်ပါဘူး၊ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး အပေါင်းအသင်းရဲ့"

သူက ပခုံးတွန့်ပြီး ပြောတယ်။

"သူ ဒီအခန်းရှေ့မှာ ဝပ်နေတာ ရက်တော်တော်ကြာနေပြီ"

"ဟုတ်လား၊ အစာနံ့ရလို့ နေမှာပေါ့ကွာ၊ ကိုယ်ပြောပြီးပြီလေ၊ ကိုယ်နဲ့ မဆိုင်ပါဘူးဆို"

ပြောပြောဆိုဆိုနဲ့ တံခါး ပြန်ပိတ်သွားတယ်။

ကဲ-ဆုံးဖြတ်ချက် ချလိုက်ပြီ။

"အိုကေ ဘော်ဒါရေ၊ ငါနဲ့သာ လိုက်ခဲ့ပေတော့"

ကျောပိုးအိတ်ထဲက ဘီစကွတ်ထုပ်ကို နှိုက်လိုက်တယ်။ ပန်းခြံထဲ အလုပ် လုပ်နေတုန်း အနားကပ်လာတဲ့ ခွေးတွေ၊ ကြောင်တွေကို ကျွေးဖို့ ဝယ်ထားတာပါ။

ဘီစကွတ်ကလေး ပြလိုက်တော့ ကိုယ်တော်ချောက နန့်ခနဲ ထလိုက်လာပါလေရော။

ဒါပေမဲ့ ဖြောင့်ဖြောင့် မလျှောက်နိုင်ရှာဘူး။ နောက်ခြေတစ်ဖက်က ဆွဲတဲတဲ ဖြစ်နေတယ်။ ငါးထပ်ကိုရောက်အောင် အတော်လေး အချိန်ပေးပြီး တက်လာကြရတာပေါ့။ နောက်ဆုံးတော့ အခန်းထဲ ရောက်လေသတည်း ပေါ့လေ။

အခန်းက လူနေခန်းလို့ ဘုရားစူးပြောရမယ့် မည်ကာမတ္တအခန်းပဲ။ တီဗွီအပြင် ရှိတာဆိုလို့ တစ်ပတ်ရစ် ဆိုဖာအိပ်ရာရယ်၊ အိပ်ခန်းထောင့်က မွေ့ရာရယ်၊ မီးဖိုချောင်ထဲက ရေခဲသေတ္တာစုတ်ရယ်၊ ပေါင်မုန့်မီးကင်စက်ရယ်၊ ရေနွေးအိုးရယ်၊ မိုက်ကရိုဝေ့ဖ်ရယ် ဒါပဲ။ ထမင်းဟင်းချက်တဲ့ ပေါင်းအိုးမရှိ၊

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်တာဆိုလို့ စာအုပ်တွေရယ်၊ ဗွီဒီယိုအခွေတွေရယ်၊ တိုလီမုတ်စတွေ ရယ်ပဲ ရှိတယ်။

ကျွန်တော်က တွေ့သမျှ အကုန်လျှောက်ကောက်တတ်တဲ့ ငှက်ကျားလို အကောင်။ အဲဒီ အချိန်တုန်းက အခန်းထောင့်မှာ ပျက်နေတဲ့ ပါကင်မီတာ စက်တစ်လုံး ရှိတယ်။ ကောင်းဘွိုင်ဦးထုပ် ဆောင်းထားတဲ့ လူရုပ် အကျိုးအပဲ့ တစ်ခု ရှိတယ်။ ဒါကြောင့် ဘော်ဒါတစ်ပွေက ကျွန်တော့်အခန်းကို ကျူုလယာ ဆိုင်တဲ့။ ကြောင်ဝါကတော့ ဒါတွေ စိတ်မဝင်စားပါဘူး။ မီးဖိုချောင်ပဲ သူ စိတ်ဝင်စားတယ်။

ရေခဲသေတ္တာထဲက နို့ဘူးထုတ် ခွက်ထဲထည့်ပြီး ရေနည်းနည်း ရောလိုက်တယ်။ လူတွေထင်တာနဲ့ဆန့်ကျင်ဘက် နို့ဟာ ကြောင်အတွက် မကောင်းဘူး။ ကြောင်တွေဟာ လက်တို့စ်ဓာတ်ကို ခံနိုင်ရည် မရှိဘူးဆိုတာ ကျွန်တော် သိထားတယ်။ ဒါပေမဲ့ ကြောင်ဝါဟာ နို့ကို စက္ကန့်ပိုင်းအတွင်း အပြောင် လျက်ပစ်လိုက်တယ်။

တူနာ အပိုင်းလေးထည့်၊ ဘီစကွတ်ကိုခြေပြီး တူနာနဲ့ရောပြီး ချကျွေးလိုက်တယ်။ တစ်ခါတည်း ပလုတ်ပလောင်း တီးပစ်လိုက်ပြန်ရော၊ သနားစရာ ကောင်လေးရာ၊ မင်းငတ်နေတာ ဘယ်လောက်တောင် ကြာပြီလဲကွာ။

စကြံလမ်းမှာ ချမ်းချမ်းစီးစီး မှောင်မှောင်မည်းမည်း နေခဲ့ရတဲ့ ဒီကောင်လေးအဖို့ ကျွန်တော့် အခန်းက ကြယ်ငါးပွင့် ဗိမ်ခံဟိုတယ်ပေါ့။ ကြည့်ရတာ သိပ်ကျေနပ်နေပုံပဲ။ စားလို့လည်းပြီးရော ဧည့်ခန်းဘက် ဦးတည်ပြီး အပူပေးစက်နား သွားခွေနေတော့တာပဲ။

ကျွန်တော်လည်း သူ့နားထိုင်ပြီး အသေအချာကြည့်တော့မှ သူ့ ညာခြေထောက်နောက်က ပြည်တည်နာကြီးကို တွေ့တော့တယ်။ သွားစွယ်ရာ အတိုင်း ဖြစ်နေတဲ့ ပြည်တည်နာ။ ခွေးလား၊ မြေခွေးလား တစ်ကောင်ကောင် ကိုက်လွှတ်လိုက်တာ နေမယ်။ အမယ်လေး တစ်ကိုယ်လုံးလည်း ကုတ်ရာ၊ ခြစ်ရာတွေ ပွလို့ပဲ။

သူ့အနာကို ကျွန်တော် တတ်အားသရွေ့ ဆေးကြောသန့်စင် ဆေးထည့် ပြုစုရတာပေါ့။ တခြားကြောင်တွေဆို အတင်းရုန်းကန် ကုတ်ခြစ်ပြီး ပြေးမှာ၊ သူကတော့ ငြိမ်ခံနေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကြောင်ဝါဟာ သူ့အကြိုက် နေရာသစ်ဖြစ်တဲ့ အပူပေးစက်နားမှာ ခွေနေလိုက်၊ ဆတ်ခနဲထပြီး အခန်းတစ်ခုလုံး လျှောက်ပတ်ကြည့်လိုက်၊ တွေ့ရာပစ္စည်းကို ကုတ်လိုက် ခြစ်လိုက်နဲ့ စိတ်တိုင်းကျကို နေတော့တာပဲ။ ဟော–ကောင်းဘွိုင်ရုပ်ကို သင်းတွေ့သွားပြီ။ အမယ်လေး သံလိုက်နဲ့သံ တွေ့သလို အဲဒီနားကကို မခွာတော့ဘူး။ နေပစေ၊ ကြိုက်တာ လုပ်ပလေ့စေ။

ဂျင်ဂျာကြောင်တွေဟာ အရန့်စွမ်းအင်တွေ အများကြီးရှိတာကို ကျွန်တော် သိတယ်။ ခုဆို သူ့ကို ချီထားပြီး ပွတ်ပေးတဲ့လက်ကို ခုန်ခုန်ပြီး လက်နဲ့ ပြန်ပုတ်နေပြီ။ တစ်ခါဆို မာန်ပါပြီး လက်သည်းတွေတောင် ထွက်လာတယ်။ ကျွန်တော့်လက် ရှမိတော့မလို့ပဲ။

"ဟေး ဟေး စိတ်လျှော့ပါကွာ နော် နော်"

သူ့ကို ပြန်ချလိုက်တယ်။ အထီးကောင် အထောင်ကီးကလေးတွေဟာ အလွန် အင်မတန်မှ ကမြင်းကြောထတယ် ဆိုတာ ကျွန်တော် သိတယ်။ သင်းကလေးဟာ ကျားဆိုမှကျား အထီးစစ်စစ် အရွယ်ရောက်ခါစလေးကိုး။ ခများကလေးမှာ တစ်သက်လုံး လမ်းဘေးနေရာကနေ ခုမှ အိမ်နဲ့ရာနဲ့ နေဖူးပုံပဲ။

တစ်ညနေလုံး တီဗွီကြည့်ရင်း အချိန်ဖြုန်းနေလိုက်တယ်။ သူကလည်း အပူပေးစက်အနားကနေ မခွာဘူး။ အိပ်ရာဝင်တဲ့ အခါမတော့ သူ ထလိုက်လာတယ်။ ကျွန်တော့် ခြေရင်းမှာ ဘောလုံးကြီးလို ခွေပြီး တစ်ချိုးတည်း အိပ်တော့တာပဲ။ မှောင်ထဲမှာ သူ့ရဲ့ ညည်းသံလေးကို စောင့်နားထောင် နေမိတယ်။ သူရှိနေတာ ကောင်းလိုက်တာ။ သူက တကယ့် အဖော်ကောင်းပဲ။ အပေါင်းအသင်းကောင်းပဲ။ ခုနောက်ပိုင်း အဲဒီလို အပေါင်းအသင်းကောင်း မရှိတာ ကြာပြီလေ။

တနင်္ဂနွေ မနက်ခင်းမှာ ခါတိုင်းထက် စောစောထမိတယ်။ သူ့မှာ ပိုင်ရှင် ရှိ၊ မရှိ အရပ်ထဲလည်ပြီး စနည်းနာဖို့ ဆုံးဖြတ်လိုက်တယ်။ တစ်ယောက်ယောက်ကများ ကြောင်ပျောက်ကြော်ငြာ ကပ်ထားလေ သလားပေါ့။ မိတ္တူဆွဲထားတဲ့ အဲဒီလို ကြော်ငြာလေးတွေကို နေရာတကာ တွေ့ရလေ့ ရှိတာကိုး။ ကြောင်ပျောက်ကြော်ငြာတွေ များလွန်းလို့ ကြောင်ပြန်ပေးဂိုဏ်းများ ဒီနေရာတစ်ဝိုက် လှုပ်ရှားနေကြသလားလို့တောင် တစ်ခါတလေ တွေးမိသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်လို့များ ပိုင်ရှင်တွေ့ခဲ့ရင် အလွယ်တကူ ပြန်ပေးနိုင်အောင် ကြောင်ကို တစ်ခါတည်း ယူလာခဲ့တယ်။ ကြောင်ထိန်းကြိုးကတော့ ဖိနပ်ကြိုးနဲ့ ကိုယ့်ဘာသာ လုပ်ထားရတာပေါ့။ လေ့ကားထစ်တွေအတိုင်း ဆင်းလာတော့ ကျွန်တော့် ဘေးကနေ လျှောက်ရတာ သူ ကျေနပ်နေပုံပါပဲ။

တိုက်ခန်းတွဲတွေ ကျော်လာတော့ ကြောင်ဟာ သူသွားချင်တဲ့ဘက်ဆီ ထိန်းကြိုးကို ဆွဲတော့တယ်။ ကြည့်ရတာ သူ့အလုပ် သူလုပ်ချင်ပုံပဲ။ အသာ လွှတ်ပေးလိုက်တယ်။ ချုံတောထဲ တိုးသွားတယ်။ နှစ်မိနစ်လောက်ကြာတော့ ပြန်ရောက်လာတယ်။

အင်း- သူ ကျွန်တော့်ကို တကယ်ယုံတာပဲလို့ တွေးမိတယ်။ သူ့ ယုံကြည်မှုအတွက် ပြန်ပေးဆပ်ရမှာပေါ့။ သူ့ကို ကူညီရမှာပေါ့။ ပထမဆုံး အနေနဲ့ လမ်းတစ်ဖက်ခြမ်းမှာနေတဲ့ အမျိုးသမီးကြီးကို ချဉ်းကပ်လိုက်တယ်။ သူက ကြောင်ချစ်သူလို့ ဒီနားတစ်ဝိုက်က လူတွေ သိကြတယ်။ အနီးနားက ကြောင်လေကြောင်လွင့်တွေကို လိုအပ်ရင် သူ ကျွေးမွေး စောင့်ရှောက် တတ်တယ်။ အိမ်ရှေ့တံခါး ဖွင့်လိုက်တော့ အထဲမှာ ကြောင်ငါးကောင်ထက် မနည်း တွေ့လိုက်တယ်။ အိမ်ထဲမှာ ဘယ်လောက်များများ ရှိသေးတယ် မသိ။ လမ်းဘေးက ကြောင်တေလေမှန်သမျှ သူ့အိမ်မှာ လာစုကြတယ် ထင်တယ်။ မတောင့်မတ မကြောင့်မကြ စားစရာရမယ့် အကောင်းဆုံးနေရာဆိုတာ သူတို့ သိကြပုံပဲ။ ဘွားတော်ကြီးဟာ ဒီကြောင်တွေကို ဘယ်က ပိုက်ဆံနဲ့ ရှာဖွေ ကျွေးမွေးနေလဲတော့ မသိဘူး။

ကျွန်တော့်ကောင်ကို သူတွေ့တော့ တစ်ခါတည်း ဖက်ရမ်းနမ်းရှုံ့ ပါလေရော။ ဒါပေမဲ့လို့ ဒီကြောင် ဘယ်ကလာသလဲ ဆိုတာတော့ သူမသိရှာဘူး။ တစ်ခါမှ မတွေ့ဖူးဘူးတဲ့လေ။

"လန်ဒန်တစ်နေရာရာကနေ ရောက်လာတာတော့ သေချာတယ်ကွဲ့၊ ညစ်ပတ်နေတာ ကြည့်ပါလား"

တစ်ခုခု မြင်တာကြားတာနဲ့ ချက်ချင်း အကြောင်းကြားနိုင်အောင် မျက်စိကိုဖွင့် နားကိုစွင့်ထားပါ့မယ်လို့ သူက ပြောရှာပါတယ်။ တော့တင်ဟမ်နဲ့ ခပ်ဝေးဝေး တစ်နေရာကနေ ရောက်လာတယ်ဆိုပြီး သူပြောတာ မှန်လောက် တယ်လို့ ကျွန်တော် ခံစားမိနေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကြောင်ကိုပဲ လမ်းပြခိုင်းပြီး သူခေါ်ရာနောက် လိုက်နေမိတယ်။ အတော်ကြာကြာ လျှောက်လာပြီးတဲ့ အချိန်မတော့ သူ ဘယ်သွားရမှန်းမသိ ဖြစ်လာတယ်။ ကျွန်တော့်ကို သူ မော့ကြည့်တယ်။

'ကျုပ်တော့ ဘယ်နားရောက်နေမှန်း မသိတော့ဘူး၊ ခင်ဗျားနဲ့ အတူနေချင်တယ်' လို့ ပြောနေသလိုပါပဲ။

ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြတယ်။ တစ်နေရာရောက်တော့ ချုံတိုးပြီး ရှူးရှူးပန်းပြန်တယ်။ ကျွန်တော်လည်း လမ်းပေါ်တွေ့သမျှ လူတွေကို လိုက်မေးမိတယ်။ အားလုံးက ငေးကြောင်ကြည့်ရင်း ပခုံးတွန့်ပြသွားကြလေရဲ့။

ကဲ–သူ ကျွန်တော့်ကို ခွဲမသွားချင်တာတော့ သိပ်ကို ထင်ရှားနေပါပြီ။ ခြေဦးတည့်ရာ လျှောက်သွားကြရင်း သူ့အကြောင်း တွေးနေမိတယ်။ သူ ဘယ်ကများ လာပါလိမ့်။ ကျွန်တော့် တိုက်တန်း မြေညီထပ်ကြမ်းပြင်မှာ ဝပ်မနေခင်ထိ သူ့ဘဝက ဘယ်လိုများပါလိမ့်။

လမ်းတစ်ဖက်ခြမ်းက ကြောင်မယ်တော်ကြီး ပြောတာ မှန်လောက်တယ်လို့လည်း တွေးမိတယ်။ သူဟာ အိမ်မွေးကြောင် ဖြစ်ခဲ့မှာပဲ။ သူ့လို ဥပမိရုပ်ကောင်းတဲ့ ကြောင်ဟာ ခရစ္စမတ်လက်ဆောင်တို့ မွေးနေ့ လက်ဆောင်တို့ ဝယ်ပေးထားတာ ဖြစ်မယ်။ ဂျင်ဂျာကြောင်နီဝါမျိုးဟာ အင်မတန် စိတ်အကဲဆတ်တယ်။ အထီးကောင် သင်းသာ မကွပ်ထားလို့ကတော့ အင်မတန် ဆိုးတယ်ဆိုတာ ကျွန်တော် သိတယ်။ မိုလ်ကျစိုးမိုးတဲ့ နေရာမှာ တခြားကြောင်မျိုးတွေထက် ကိုးဆယ်ဆသာတဲ့ အကောင်မျိုးတွေ။ ဆိုးလွန်းလို့များ လွှင့်ပစ်ခံရတာများလား မသိ။ တော်ပြီဟေ့ လက်လန်ပြီလို့ ဆလံသရင်း ကားပေါ်တင်ပြီး လမ်းမှာ ပစ်ချခံရတာလို့လည်း တွေးမိတယ်။

ကြောင်တွေဟာ အရပ်ဆယ်မျက်နှာကို အတော်သိတဲ့သတ္တဝါ။ ခု မပြန်နိုင်ပုံထောက်ရင် အိမ်နဲ့ အတော်ဝေးဝေးကို အပစ်ခံရတာ နေမယ်။ ဒါမှ မဟုတ် အဲဒါ သူ့အိမ် မဟုတ်ဘူးလို့ ခံယူရင်း အိမ်သစ်ရှာဖို့ ဆုံးဖြတ် လိုက်တာများလား။

နောက်တစ်မျိုးကတော့ သခင်ကွယ်လွန်သွားတာလည်း ဖြစ်နိုင်တယ်။ နဂိုကတည်းက အလေအလွင့် လမ်းဘေးက အကောင်လည်း ဖြစ်ချင် ဖြစ်မှာ။ ဒါပေမဲ့ သူ့ပုံကြည့်ရတာတော့ လူနားနေခဲ့တာ သေချာတယ်။ အချော့ကြိုက်၊ သခင်ချစ် ကောင်မျိုး။ ကျွန်တော့်ကို လုပ်နေတာ ကြည့်ပါလား။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ရာဇဝင်ကို မှန်းဆ ရာမှာ အကြီးမားဆုံး သဲလွန်စကတော့ သူ့ ဒဏ်ရာပဲ။ ဒါရန်ပွဲကနေ ရလာတာ သေချာတယ်။ ပြည်တည်နေပုံထောက်တော့ ဒီဒဏ်ရာဟာ တစ်ပတ်လောက် ကြာနေပြီ။ ဒါလည်း ဖြစ်နိုင်ခြေတစ်ခုပေါ့။

လန်ဒန်မှာက ကြောင်ကလေကဝတွေ တစ်လှေကြီးကိုး။ လမ်းပေါ်က ပိုင်ရှင်မဲ့ကြောင်တွေဟာ နည်းတာ မဟုတ်ဘူး။ လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ် လောက်ကဆို မြို့လယ်ကောင်က ဂရိရှမ်လမ်းတို့၊ ကလာကမ်ဝဲလ်ဂရင်းတို့ ဒရူရီလမ်းတို့ဆို ကြောင်တွေ ပေါလွန်းလို့ ကြောင်လမ်းတွေလို့တောင် ခေါ်ကြတာ။ အဲဒီ ကြောင်လမ်းသရဲတွေဟာ ရှင်သန်ရေးအတွက် နိစ္စဓူဝ တိုက်ပွဲဆင်နွှဲရင်း ခုအကောင်လို ပွန်းပဲ့ကျိုးကန်းကုန်ကြတာပေါ့။

ကြည့်ရတာ ကျွန်တော့်ရဲ့ စိတ်ကောင်း နှလုံးကောင်းကလေးကို သူ မြင်ပုံရပါတယ်လေ။

❖

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၂)

## နာလန့်ထ လမ်းအစ

ကလေးဘဝကတည်းက ကြောင်တွေနဲ့ လုံးထွေး ရစ်ပတ်နေခဲ့တာဆိုတော့ ကြောင်တွေကို အတော် နားလည်တယ်လို့ ထင်မိတယ်။ ငယ်ငယ်ကဆို အိမ်မှာ ထိုင်းကြောင်တွေ တစ်လှေကြီး။ တစ်ခါကဆို အင်မတန်လှတဲ့ လိပ်ခွံမွေး ကြောင်တစ်ကောင်တောင် ရှိခဲ့ဖူးတယ်။ ကြောင်နဲ့ပတ်သက်ရင် ငယ်ဘဝ အမှတ်တရတွေက နှစ်လိုဖွယ် များပါတယ်။ ဒါပေမဲ့ စူးနေအောင် မှတ်မိနေတာ တစ်ခုကတော့ အမှောင်ဆုံး အမည်းဆုံး အဖြစ်အပျက်ပါပဲ။

ကျွန်တော်က အင်္ဂလန်မှာမွေးပြီး ဩစတြေးလျမှာ ကြီးတာ။ တစ်ခါက ဩစတြေးလျ အနောက်ပိုင်း ခရိဂီဆိုတဲ့ နေရာမှာ သားအမိ နှစ်ယောက် နေခဲ့ကြတယ်။ အဲဒီမှာတုန်းက အင်မတန် ချစ်စရာကောင်းတဲ့ အဖြူဆွတ်ဆွတ် ကြောင်မွေးထူကလေးတစ်ကောင် ရဖူးတယ်။ ဘယ်က ရသလဲတော့ မမှတ်မိတော့ဘူး။ ဒေသခံ လယ်သမား တစ်ယောက်ဆီကလို့ ထင်တာပဲ။ သို့ပေမဲ့ ကျွန်တော်တို့ဆီ ရောက်တဲ့အချိန် သူ့ကို ဆေးမစစ်လိုက်မိဘူး။ ဆိုတော့ ခများကလေးမှာ သန်းစွဲလာရှာတယ်။

သန်းစွဲတယ်ဆိုတာ ချက်ချင်းတော့ ဘာမှ ဖြစ်တာမဟုတ်ဘူးပေါ့။ အမွေးတွေက ထူလွန်းတော့ သန်းတွေရှိနေတာလည်း ဘယ်သူမှ သတိမထား

mgyoe.com

mgyoe.com SAMPLE BOOK

မိကြဘူး။ သန်း ဆိုတာကလည်း သားရေပေါ်အိပ် သားရေနားစား ကပ်ပါးကောင်မျိုးဆိုတော့ ကြောင်လေးကို သွေးဝိုင်းစုပ်လိုက်ကြတာ ကျွန်တော်တို့ သတိထားမိချိန်မှာ နောက်ကျသွားခဲ့ပြီ။ အမေက တိရစ္ဆာန် ဆရာဝန်ဆီ ကြောင်ကို ခေါ်သွားပေမယ့် အခါနှောင်းသွားပြီ၊ မရတော့ဘူးတဲ့။ ကူးစက်ရောဂါပေါင်းစုံ ဝင်နေပြီတဲ့။ နှစ်ပတ်လောက်ကြာတော့ သေရှာပါလေရော။ ကျွန်တော်က အဲဒီတုန်းက ငါးနှစ်၊ ခြောက်နှစ်သားလောက်ပေါ့။ အမေရော ကျွန်တော်ရော အရုပ်ကြိုးပြတ်ပါပဲ။

နောက်ပိုင်း ကြောင်ဖြူလေးတွေမြင်တိုင်း အဲဒီ ကောင်ကလေးကို သတိရနေမိတယ်။ ခု ကြောင်ဝါ ရောက်လာတော့ အဲဒီ အကြောင်းတွေ ပြန်သတိရမိတယ်။ သူ့ရဲ့ အခြေအနေဆိုးနေတဲ့ အမွေးအရောင်အသွေးကို ကြည့်ပြီး ကြောင်မွေးထူ အဖြူကလေးလို ကြမ္မာဆိုးမျိုး ဒီကလေးမှာ ကြုံရမှာကို စိုးနေမိတယ်။

တနင်္ဂနွေတစ်ညနေလုံး သူနဲ့အတူ အခန်းမှာထိုင်ရင်း ဆုံးဖြတ်ချက်ချပါတယ်။ အရင်လို အဖြစ်မခံဘူး။ သူ့ကို စောင့်ရှောက်မယ်။ ဆရာဝန်နဲ့ပြမှ ဖြစ်မယ်။ ကိုယ့်ဘာသာကိုယ် ထင်သလို ကုပေးထားတာဟာ အနှာကျက်ဖို့ရန် လုံလောက်မယ်မထင်။ ပြီးတော့ သူ့မှာ တခြား ကျန်းမာရေးပြဿနာ ဘာတွေ ရှိမှန်းလည်း ကျွန်တော် မသိနိုင်။ အချိန် ထပ်ဆွဲနေလို့ မဖြစ်ဘူး။ နက်ဖြန် မနက်စောစောပဲ ညီအစ်မ ခုနစ်ဖော်လမ်းဆုံက ဖင်စိဘူရီ ပန်းခြံဘက်သွားတဲ့ နေရာမှာရှိတဲ့ အနီးဆုံး တိရစ္ဆာန် စောင့်ရှောက်ရေးစင်တာကို ခေါ်သွားတော့မယ်။

မနက်စောစော နို့စက်ပေးပြီး အိပ်ရာထတယ်။ သူ့အတွက် တူနာနဲ့ ဘီစကွတ်ခြေပြီး ကျွေးတယ်။ အံ့မှိုင်းရီဝေတဲ့ မနက်ခင်းပါပဲ။ ဒါပေမဲ့ ဒါ အကြောင်းပြပြီး လုပ်စရာ ရှိတာကို အချိန်ဆွဲနေလို့ မဖြစ်ဘူးဆိုတာ ကောင်းကောင်းသိပါတယ်။

သူ့ခြေထောက် အခြေအနေအရ မိနစ်ကိုးဆယ်လောက် လျှောက်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် အစိမ်းရောင် ရီဆိုင်ကယ်ပုံးကြီး တစ်လုံးနဲ့ သူ့ကို သယ်သွားတယ်။ ဒါ ကြောင်သယ်ဖို့ ပုံးမဟုတ်ပေမဲ့ တခြားလည်း ရှာမတွေ့ဘူးကိုး။ သူက ဒီပုံးထဲက လိုက်ရတာကို နည်းနည်းမှ ကြိုက်ပုံ

mgyoe.com

mgyoe.com
SAMPLE BOOK

မရပါဘူး။ တစ်ချိန်လုံး ခုန်ထွက်ဖို့ ကြိုးစားနေတယ်။ နောက်ဆုံးတော့ ပုံးနဲ့ သယ်မှာကို လက်လျှော့လိုက်ရတယ်။

"ကဲ-လာလာ ငါ မင်းကို သယ်သွားမယ်"

ပခုံးပေါ် တင်ပေးလိုက်တယ်။ လက်ကတော့ ပုံးကြီးပိုက်ထား ရတာပေါ့။ သူက ပခုံးပေါ်မှာ အကျအန နေရာယူပြီး ထိုင်တောင်နေလိုက်သေး။ ဒါနဲ့ပဲ ပုံးလွတ်ကြီး ပိုက်ရင်း တိရစ္ဆာန် စောင့်ရှောက်ရေးစင်တာကို လျှောက်ခဲ့ရတော့တယ်။

စင်တာအတွင်းထဲ ဝင်လိုက်တာ ငရဲတွင်းထဲ ခြေချလိုက်ရသလို ပါပဲ။ စင်တာဟာ ခွေးနာတွေနဲ့ ပြည့်နေတယ်။ ခွေးနာတွေရဲ့ ပိုင်ရှင်တွေဟာ ကတုံးကေနဲ့ တက်တူးအပြည့်နဲ့ ဆယ်ကျော်သက်ကလေးတွေ၊ ခုနစ်ဆယ် ရာခိုင်နှုန်းလောက်ဟာ စတက်ဖို့ဒ်ရှိုင်းယား ဘူးလ်တယ်ရီယာတွေ၊ ဒဏ်ရာတွေ ကြည့်ရတာတော့ လူတွေ တမင်တကာ အပျော်ဖန်တီးတဲ့ ခွေးတိုက်ပွဲတွေ ကနေ ရလာပုံပဲ။

လူတွေက ဗြိတိန်ကို တိရစ္ဆာန်ချစ်သူတို့ တိုင်းပြည်တဲ့။ ဒီစင်တာထဲက မြင်ကွင်းကတော့ တိရစ္ဆာန်ကိုချစ်ပုံ တစ်စက်မှ မရတာ သေချာပါတယ်။ ရွံစရာကောင်းတဲ့ အမူအကျင့်တွေကွဲ့။

ကြောင်ဟာ ကျွန်တော့်ပခုံးပေါ်ထိုင်လိုက်၊ ပေါင်ပေါ်တက်ထိုင်လိုက် လုပ်နေတယ်။ သူ ကြောက်ရှာမှာပဲ။ ခွေးနာတွေပြည့်နေတဲ့ အခန်းကိုး။ ခွေးတွေကလည်း သူ့ကိုတွေ့တော့ မာန်ဖီနေကြတယ်။ တစ်ကောင်စ နှစ်ကောင်စ အနားကပ်ဖို့ ကြိုးစားနေကြတယ်။ ခွေးထိန်းကြိုးတွေ တင်းခနဲ ဖြစ်သွားတဲ့ထိ ဆောင့်ရုန်းနေကြတယ်။

ခွေးနာတွေ တစ်ကောင်ပြီးတစ်ကောင် စမ်းသပ်ကုသခန်းထဲ ဝင်သွား ကြတယ်။ လေးနာရီခွဲတိတိ စောင့်ဆိုင်းပြီးသကာလ နောက်ဆုံး ကိုယ်တွေ အလှည့်ကို ရောက်လာခဲ့တယ်။ သူနာပြုက ခေါ်နေပြီလေ။

"မစ္စတာဘိုဝင်၊ ဆရာဝန်နဲ့ တွေ့လို့ ရပါပြီရှင်"

တိရစ္ဆာန်ဆရာဝန်ဟာ၊ လူလတ်ပိုင်းအရွယ်ပဲ။ တစ်လောကလုံးရဲ့ ဝန်ထုပ်ဝန်ပိုး သူ့တစ်ယောက်တည်း သိမ်းကျုံးထမ်းထားရသလို မျက်နှာပေး မျိုးနဲ့။ အင်း-အပြင်မှာ အကြာကြီး စောင့်ရလို့ စိတ်အကဲဆတ်နေလို့ပဲ သူ့ကို အဲသလို မြင်မိနေသလား။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာပြဿနာလဲ ပြော"

အမှန်တော့ သူ့အလုပ် သူလုပ်နေတာပဲ။ ဒါပေမဲ့ စိတ်က နောက်နေတော့–

'ပြဿနာကို သိမှတော့ ခင်ဗျားဆီ ကျုပ် ဘယ်လာမတုန်း' လို့ ပြောလိုက်ချင်တာ။ မပြောလေနဲ့၊ စိတ်ကိုထိန်း။

တိုက်တန်းစကြံမှာ သူ့ကို တွေ့တဲ့အကြောင်းနဲ့ ပေါင်က ပြည်တည်နေတဲ့ အနာအကြောင်း အနာကို လက်ညှိုးထိုးပြီး ပြောပြလိုက်တယ်။

"အိုကေ၊ ကြည့်ရအောင်"

စမ်းသပ်ပြီးတော့ ကြောင်ခမျာ နာကျင်မှုဝေဒနာကို ခံစားနေရရှာတယ်တဲ့။ ဒိုင်ယာဇီပင် အားခပ်ပျော့ပျော့လေး သူညွှန်းတယ်။ အနာအတွက် အမောက်ဆီဆလင် နှစ်ပတ်စာ ညွှန်းတယ်။

"နှစ်ပတ်နေလို့မှ မသက်သာရင် ပြန်လာပြလှည့်" တဲ့။

အင်း–ခုနေ အခွင့်ကောင်းယူပြီး သန်းအကြောင်း မေးမှပဲ။

ဆရာဝန်က ကြောင်မွေးတွေကို လှန်လှောကြည့်တယ်။ ဘာမှ မရှိပါဘူးတဲ့။

"အင်းလေ ဒါပေမဲ့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆေးပေးလိုက်မယ်။ ကြောင်ငယ်လေးတွေမှာ သန်းဟာ ပြဿနာအတော်ပေးတယ်" တဲ့။

'ဒီလောက်တော့ ကျုပ်လည်း သိတာပေါ့ဗျ' လို့ ပြန်ပြောချင်စိတ်ကို မနည်းမျိုချရင်း သူ ဆေးညွှန်းရေးတာကို ငေးနေလိုက်တယ်။

ကြောင်ရဲ့ ကိုယ်ရေးအချက်အလက်တွေ ထည့်ထားတဲ့ မိုက်ကရိုချစ်ပ် ထည့်ထားလားလို့ သူကြည့်ပေးတယ်။ ဘာမှ မရှိဘူး။ ဒါကြောင့် လမ်းပေါ်က ကြောင်ပဲ ဖြစ်မယ်လို့ သူပြောတယ်။

"မိုက်ကရိုချစ်ပ်လေးတော့ ကြုံရင် ထည့်ထား၊ သူ့ကို မကြာခင် သင်းကွပ်ဖို့လည်း လိုလိမ့်မယ်"

သူက လက်ကမ်းစာစောင်ရယ်၊ အခမဲ့ လမ်းဘေး ကြောင်သင်းကွပ်ခြင်း အစီအစဉ်အတွက် ဖြည့်ရမယ့် ပုံစံရယ်ကို ပေးတယ်။

"ဩော် – ဟုတ်ကဲ့ပါ၊ ဘာလို့လဲ ခင်ဗျ"

ဆရာဝန်ဟာ ကျွန်တော့် မေးခွန်းကို စိတ်မဝင်စားတော့ဘူး။ ကွန်ပျူတာထဲ ဆေးမှတ်တမ်း ရိုက်သွင်းရင်း ဆေးညွှန်းကို ပရင်တာကနေ

mgyoe.com

mgyoe.com
SAMPLE BOOK

ထုတ်နေတယ်။ ဆေးခန်းကလည်း တစ်ယောက်ဝင်လိုက်၊ ထွက်သွားလိုက်၊ နောက်တစ်ယောက် ထပ်ဝင်လိုက်နဲ့ ပစ္စည်းထုတ်တဲ့ စက်ရုံနဲ့တောင်တူသေး။ ဆရာဝန်ကို အပြစ်ပြောလို့တော့ မရပါဘူး။ ဒါက စနစ်ကိုး။

မိနစ်ပိုင်းအတွင်း ကိစ္စပြီးသွားတယ်။ အပြင်က ဆေးကောင်တာမှာ ဆရာဝန်ရဲ့ ဆေးညွှန်းကို ပြလိုက်တယ်။

ကောင်တာက ဂျူတီကုတ်ဖြူနဲ့ အမျိုးသမီးက သဘောမနော ကောင်းတယ်။

"ဟေး-ရှင့်ကောင်လေးက ချစ်စရာလေး၊ ကျွန်မအမေမှာလည်း ဂျင်ဂျာတစ်ကောင် ရှိခဲ့တယ် သိလား၊ သူ့ဘဝရဲ့ အကောင်းဆုံးအဖော်မွန် လို့တောင် ပြောလို့ရတယ်၊ အမေ့ခြေထောက်နားမှာ အမြဲထိုင်နေတတ်တာ၊ ကမ္ဘာဖျက်ဗုံးကြီး ကွဲရင်တောင် အမေ့နားကနေ ခွဲမသွားမဲ့ပုံမျိုး"

ဆေးညွှန်းကိုကြည့် ဆေးတွေထည့်ရင်း ကျသင့်ငွေစာရင်း ထွက်လာတယ်။

"နှစ်ဆယ့်နှစ်ပေါင်ပေးပါ အချစ်ရယ်" တဲ့။

အမယ်လေးဗျာ၊ နှလုံးသားကြီးတစ်ခုလုံး စုံးစုံးမြုပ်သွားသလိုပဲ။ တစ်လောကလုံး မှောင်မိုက် နောက်ကျိ။

"တကယ် နှစ်ဆယ့်နှစ်ပေါင်တောင်"

အဲဒီ အချိန်က ကျွန်တော့်လက်ထဲ ပေါင်သုံးဆယ်ပဲ ရှိတယ်။

"ဟုတ်တယ် အချစ်ရယ်"

သူလည်း ဘာမှမတတ်နိုင်ဘူးဆိုတဲ့ လေသံနဲ့ပြောပြီး ကျွန်တော့်ကို ကရုဏာကြည့် ကြည့်နေသေးတယ်။

တတ်နိုင်ဘူး။ ပေါင်သုံးဆယ် ထုတ်ပေးလိုက်တယ်။ ပြန်အမ်းငွေကို ယူတယ်။ ၂၂ ပေါင်ဆိုတာ ကျွန်တော့်အတွက် အများကြီးပဲ။ တစ်နေ့လုံး ရှာရသလောက်ရှိတယ်။ ဒါပေမဲ့ ရွေးစရာလမ်းမှ မရှိတာလေ။ ကျွန်တော့် မိတ်ဆွေလေးကို ပေယျာလကန် ပစ်မထားနိုင်ဘူးကိုး။

အပြင်ထွက်ထွက်ချင်း သူ့ကို ပြောမိတယ်။

"ကဲ-ဘော်ဒါရေ၊ မင်းနဲ့ငါတော့ ငတ်ကြတော့မယ်နဲ့ တူတယ်ကွာ"

အဲဒါ အမှန်ပဲဗျ။ နှစ်ပတ်အတွင်း သူ့ကို စောင့်ရှောက်ရမှာဆိုတော့ သူ့နားက ခွာလို့ မရဘူး၊ သူ့တစ်ကောင်တည်း ထားခဲ့လို့ မရဘူး။ သူ့ကို

mgyoe.com

mgyoe.com SAMPLE BOOK

လမ်းပေါ် မထွက်ရအောင်၊ ဆေးမှန်မှန် သောက်ရအောင်၊ နောက်ထပ် ရောဂါပိုး မဝင်အောင် စောင့်ကြည့်ရမယ်။

ဘာလို့မှန်းတော့ မသိဘူး။ သူ့ကို အဲသလို စောင့်ရှောက်မှာကို ကျွန်တော်တက်ကြွနေသလို ဖြစ်နေတယ်။ ဘဝရဲ့ ရည်မှန်းချက်ကောင်းကြီး တစ်ခုကို ဖြစ်မြောက် အောင်မြင်အောင် ကြိုးစားနေသလို ခံစားနေရတယ်။

နေ့လယ်ပိုင်းမှာ အိမ်မွေးတိရစ္ဆာန်များအတွက် စတိုးဆိုင်ကို သွားတယ်။ သူ့အတွက် နှစ်ပတ်စာ ရိက္ခာဝယ်တယ်။ မနေ့က စင်ကာကနေ သိပ္ပံနည်းကျ ကြောင်စာ နမူနာရလာလို့ ကျွေးကြည့်တော့ ကြိုက်ပုံပဲ။ ဒါနဲ့ တစ်အိတ် ဝယ်လိုက်တယ်။ တခြား အစားသောက်တွေရောဆိုတော့ ကိုးပေါင်လောက်ကျတယ်။ ရှိသမျှ ပိုက်ဆံ အကုန်ပါပဲ။

မတတ်နိုင်တော့ဘူး။ သူ့ကို ထားခဲ့ပြီး အဲဒီညမှာ ကိုဗန့်ပန်းခြံဆီ ဂစ်တာအိတ်ကလေး ထမ်းပြီး ဦးတည်ရတော့တယ်။ ကျွေးရမယ့် ပါးစပ်က နှစ်ပေါက်ဖြစ်လာပြီ ခင်ဗျ။

* * *

နောက်ရက်တွေမှာ သင်းကို ကျန်းမာရေးကောင်းလာအောင် ပြုစုရင်း နာမည်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့နာမည် ဘော့ဗ်။ ကျွန်တော့် အကြိုက် တွင်းပိခ် တီဗွီစီးရီးစ်ထဲမှာ လူသတ်သမား ဘော့ဗ်ဆိုတဲ့ ဇာတ်ကောင် တစ်ကောင်ပါတယ်။ သူက စိတ္တဇ လူသတ်သမား၊ ဂျက်ကယ်နဲ့ဟေးဒီးစ်လို ပုံစံမျိုး၊ ရုပ်သွင်နှစ်မျိုးနဲ့ လူပေါ့။ ပုံမှန်စိတ် ပုံမှန်အတွေးနဲ့ ရုပ်သွင်တစ်ခု၊ ထိန်းမနိုင် သိမ်းမရ ရူးနှမ်းရက်စက်တဲ့ ရုပ်သွင်က တစ်ခု။ ဒီအကောင်လည်း အဲဒီ အတိုင်းပဲလေ။ သူ ပျော်နေတဲ့အချိန်ဆို အမယ်လေး သူ့လောက် ချစ်စရာကောင်းတဲ့အကောင် လောကမှာ မရှိ။ အဲ- စိတ်ရူးပေါက်ပြီ ဆိုလို့ကတော့ အမြီးထောင်ပြီး တစ်ခန်းလုံးပတ်ပြေးရင်း တွေ့သမျှ ကုတ်ခြစ် ရန်လိုတော့တာပဲ။ ဒါကြောင့် ဘယ်လီကိုတောင် တစ်ညတော့ ပြောမိသေးတယ်။ သူက တွင်းပိခ်ထဲက လူသတ်သမားဘော့ဗ်နဲ့ တူတယ်ကွလို့။ ဘယ်လီက ကျွန်တော့်ကို ကြောင်ကြောင်ကြီး ပြန်ကြည့်နေတယ်။ ထားပါတော့၊ ဘာပဲဖြစ်ဖြစ် သူ့နာမည် ဘော့ဗ်ပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဘော့ပ်ဟာ ကြောင်တေလေဆိုတာ ခုတော့ သေချာသိပြီ။ သူ့အတွက် ဝယ်ပေးထားတဲ့ အညစ်အကြေးစွန့်ခွက်ကို လှည့်တောင်မကြည့်ဘူး။ အိုးပါ၊ ရှုးပေါက်ချိန် ရောက်လို့ကတော့ သူ့ကို အောက်ဆင်းပြီး ချုံထဲလိုက်ပို့ရတယ်။ ကိစ္စပြီးရင် မြေကြီးကိုယက်ပြီး မမေ့မလျော့ ပြန်ဖုံးတတ်သေးတာပေါ့။

တစ်မနက်မှာတော့ သူ့ကိစ္စ သူရှင်းနေတာကို စောင့်ကြည့်ရင်း ဘော့ပ်ဟာ ခရီးသွားမိသားစု တစ်စုစုပိုင်တဲ့ ကြောင်များလားလို့ တွေးမိပြန်တယ်။ တကယ်ဆို တော့တင်ဟမ်နားတစ်ဝိုက်ကို ဧည့်သည် ခရီးသွားတွေ အရောက်နည်းပါတယ်။ တစ်ခါတလေတော့ ကျွန်တော့် တိုက်ခန်းနားက မြေကွက်လပ်မှာ တဲထိုးပြီး ယာယီ လာလာနေကြတာတွေတော့ တွေ့ဖူးတယ်။ ဘော့ပ်ဟာ အဲသလို ခရီးသွားမိသားစု တစ်စုစုကနေ ကျန်ရစ်ခဲ့တာ ဖြစ်မယ် ထင်တယ်။ အိမ်မွေးကြောင်အဖြစ် တစ်သက်လုံး နေလာတာတော့ ဘယ်နည်းနဲ့မှ မဟုတ်ဘူးလို့ ထင်မိတာပဲ။

ဘာပဲပြောပြော သူ ကျွန်တော့်ကို ချစ်လာတာတော့ သေချာတယ်။ အစကတော့ သူ ကျွန်တော့်ကို ချစ်ပေမယ့် မယုံတယုံဖြစ်နေပုံ ပေါက်တယ်။ ခု ရက်တွေ ကြာလာလေလေ ပိုပြီး ယုံကြည်မှုရှိလာလေလေ၊ ပိုချစ်လာလေလေ ဖြစ်မှာပေါ့။ အထီးပီပီ အားရှိလာလေလေ သောင်းကျန်းလေ ဖြစ်တော့မှာပဲ။ သင်းကွပ်ဖို့ သေချာပေါက်လိုမှန်း ကျွန်တော် သိတယ်။

ခုတော့ နေသားကျစ ပြုလာပါပြီ။ မနက်ပိုင်းမှာ ဘော့ပ်ကို တိုက်ခန်းမှာ၊ ထားခဲ့ပြီး ကိုဗန့်ပန်းခြံကိုသွား၊ သဒ္ဒါကြေးငွေလေးတွေ လုံလုံလောက်လောက် ရတဲ့ထိ ဖျော်ဖြေရေးလုပ်ငန်းလုပ်။ အိမ်ပြန်လာချိန်မှာ ကိုယ်တော်ချောက အိမ်ပေါက်ဝကကြို၊ ဆိုဖာပေါ်တက်၊ တီဗွီတူတူကြည့်ကြ။

ကြောင်တစ်ကောင်အနေနဲ့ သူ ဘယ်လောက် စမတ်ကျတယ်ဆိုတာ ကျွန်တော် ရိပ်မိစပြုလာပြီ။ ကျွန်တော်ပြောသမျှ သူ ကောင်းကောင်း နားလည်နေပုံပဲ။ အနားလာထိုင်လို့ ခေါ်လိုက်တာနဲ့ သူ ဆိုဖာပေါ် ခွေ့ခနဲ တက်ထိုင်တာပဲ။ ဆေးသောက်ချိန်ကျပြီလို့ပြောလည်း သူသိတယ်။ သောက်ဖို့ လိုလို့လားဆိုတဲ့ မျက်နှာပေးနဲ့ ကျွန်တော့်ကို ပြန်ပြန်ကြည့်တတ်တယ်။ ဒါပေမဲ့ ပါးစပ်ထဲ ဆေးတွေ ထည့်ပေးပြီး လည်ပင်းလေး အသာပွတ်ပေးလိုက်တာနဲ့ မငြင်းမဆန် မျိုချရှာတယ်။ ကြောင်ဆိုတဲ့အမျိုးကို ပါးစပ်ဖြဲဖို့ အင်မတန် ခက်တာ။ ဒါပေမဲ့ သူ ကျွန်တော့်ကို ယုံတယ်လေ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့မှာတခြားသော အထူးစပယ်ရှယ် အရည်အချင်းတွေ ရှိနေသေးတယ်ဆိုတာ ကျွန်တော် သိလာရတယ်။ တကယ်ပါပဲ။ ဘော့ပ်လိုကြောင်မျိုး တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး။

ဒီလိုပြောလို့ စင်းလုံးချော ကောင်းနေတယ်လို့တော့ မထင်လေနဲ့။ မီးဖိုခန်းထဲက အိုးတွေခွက်တွေကို လှန်တာလှောတာမျိုးလည်း လုပ်တယ်။ ကြောင်အိမ်နဲ့ ရေခဲသေတ္တာမှာလည်း သူ့ကုတ်ရာ ခြစ်ရာတွေချည်းပဲ။ အစာရှာတာလေ။

ဒါပေမဲ့လည်း ကျွန်တော်က မလုပ်ရဘူးဆိုတဲ့ ဟာကိုတော့ သူ မလုပ်ရှာဘူး ခင်ဗျ။

'ဟေ့-မရဘူး၊ ထွက်သွားစမ်း ဘော့ပ်' လို့ ပြောလိုက်ရုံပဲ။ ဒါဆို သူ လှည့်ထွက်သွားတတ်တယ်။ ဒါကိုက သူဟာ အင်မတန် ပါးနပ်ပြီး ဉာဏ်ရည်မြင့်တာကို ပြနေတာပဲ။ အဲဒီလို သိတတ်တဲ့အတွက် သူ့အတိတ်ကို စဉ်းစားစရာလည်း ဖြစ်လာပြန်တယ်။ တကယ်ပဲ လမ်းဘေးက ကြောင်တစ်ကောင်ဟာ လူ့စကားကို ဒီလောက် နားလည်ပါ့မလားဆိုတဲ့ သံသယပေါ့။

ဘော့ပ်နဲ့ အတူနေရတာကို တကယ် နှစ်သက်မိတယ်။ ဒါပေမဲ့ သတိတော့ ထားရမယ်။ သိပ်သံယောဇဉ် တွယ်သွားလို့ မဖြစ်သေးဘူး။ သူဟာ အချိန်မရွေး လမ်းပေါ် ပြန်သွားနိုင်တာကိုး။ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာတော့ ကျွန်တော်က သူ့အုပ်ထိန်းသူပဲ။ တတ်နိုင်သမျှ ဂရုစိုက်မယ်။ လုပ်စရာရှိတာ အကုန်လုပ်ပေးရမယ်။ ဒါကြောင့်မို့ တစ်မနက်မှာတော့ အခမဲ့ လမ်းဘေးကြောင်သင်းကွပ်ခြင်း ကိစ္စအတွက် ပုံစံ သွားဖြည့်လိုက်တယ်။ အမယ်လေး ထင်တောင် ထင်မထားဘူး။ နောက်နှစ်ရက်လောက်နေတော့ ပြန်စာလာသဗျ။ အခမဲ့ သင်းကွပ်ဖို့ ခွင့်ပြုကြောင်း အကြောင်းကြားစာ။

နောက်နေ့ မနက်မှာ ထုံးစံအတိုင်း အခင်းကြီး အခင်းလေးတည်ဖို့ သူ့ကို အပြင်လိုက်ပို့ရတယ်။ သူ့အတွက်ဝယ်ထားတဲ့ အညစ်အကြေးစွန့်ခွက်ဟာ အသစ်အတိုင်း၊ အရာမယွင်း၊ လုံးဝ မသုံးရသေး၊ သူ ကြိုက်ကို မကြိုက်တာ။

သူ ကိစ္စဝိစ္စရှင်းနေကျ ချုံကိုပဲ ဦးတည်ပြီး ပြေးတယ်။ အဲဒီချုံဟာ သူ့စိတ်ကြိုက်နေရာ ဖြစ်မှာပေါ့။ ကိုယ်ပိုင် အိမ်သာနယ်မြေအဖြစ် သတ်မှတ်ထားသလားတောင် သံသယ ဖြစ်မိတယ်။ တချို့သော သိပ္ပံဆောင်းပါးတွေထဲ အဲသလို ဖတ်ဖူးတယ် မှတ်တာပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိစ္စရှင်းတာက တစ်မိနစ် နှစ်မိနစ်၊ သူ့ကိုယ်သူ သန့်ရှင်းရေး လုပ်နေတာက အကြာကြီးရယ်။ ကြောင်တွေရဲ့ သန့်ရှင်းသပ်ရပ်အောင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်တတ်မှုကို ကျွန်တော် အံ့သြမိတယ်။ ဒါ ဘာဖြစ်လို့များ သူတို့အတွက် အရေးကြီးနေပါလိမ့်။

အားလုံး အဆင်ပြေပြီလို့ စိတ်ချ ကျေနပ်သွားချိန်မှာ ကိုယ်တော်ချောက ထွက်လာတော်မူတယ်။ ရုတ်တရက် ချက်ချင်း သူ တစ်ကိုယ်လုံး တောင့်တင်းသွားပြီး ဖျတ်ခနဲ ငြိမ်ကျသွားတယ်။ ဘာများ ဖြစ်ပါလိမ့်။

ဟော-ဘော့ပ်ဟာ လျှပ်စီးလက်သလို အရှိန်အဟုန်နဲ့ ပြေးထွက်သွားတယ်။ ဘာဖြစ်သွားမှန်း မသိလိုက်ခင်မှာပဲ သူ့လက်ထဲမှာ တစ်စုံတစ်ရာက ရောက်နေခဲ့ပြီ။ အနီးကပ် သွားကြည့်မှပဲ။ အလို-ကြွက်ကလေး တစ်ကောင်ကို ခုတ်ထားပါ့လား။ ကြွက်က သေးသေးလေးပါ။ သုံးလက်မ လောက်ပဲ ရှိမှာ။

ကြွက်ခမျာ ရှောင်ဖို့၊ ပုန်းဖို့ အခွင့်အရေး မရလိုက်ရှာဘူး။ ခုတော့ ဘော့ပ်ပါးစပ်ထဲ ရောက်ရှာပြီ။ ခြေလက်တွေ တဆတ်ဆတ် တုန်နေဆဲ ကြွက်ကို အဆုံးသတ်ဖို့ ပြင်ဆင်နေပြီ။ ကြည့်ကောင်းတဲ့ မြင်ကွင်းတော့ မဟုတ်ဘူး။ နောက်ဆုံးတော့ ကြွက်ဟာ ငြိမ်သွားရှာတယ်။ ဘော့ပ်ဟာ ကြွက်သေကို ပါးစပ်နဲ့ ကိုက်ထားရာက မြေကြီးပေါ် လွှတ်ချလိုက်တယ်။

နောက်ထပ် ဘာဖြစ်မလဲဆိုတာ ကျွန်တော် သိတယ်။ ဘော့ပ် ဒီကြွက်ကို စားတာကို ကျွန်တော် မလိုလားပါဘူး။ ကြွက်ဆိုတာ ရောဂါပိုးမျိုးစုံ သယ်ဆောင်တဲ့ယာဉ်ပဲ။ ကြွက်သေကို ကောက်ဖို့ ဒူးထောက်ထိုင်ချလိုက်တယ်။ ဘော့ပ်ကတော့ ပေးချင်ပုံ မပေါ်ဘူး။ ဂူး ဂဲ နဲ့ အသံထွက်အောင် မာန်ဖီရင်း ကြွက်သေကို ကိုက်ချီလိုက်တယ်။

"ငါ့ကိုပေး ဘော့ပ်၊ အဲဒါ ငါ့ကိုပေး"

သူ ကျွန်တော့်ကို ပြန်ကြည့်နေတယ်။

'ကျုပ်က ဘာကိစ္စ ပေးရမှာတုံး' ဆိုတဲ့ အကြည့်မျိုးပဲ။

ကုတ်အင်္ကျီအိတ်ထဲ ဟိုဟိုဒီဒီ လျှောက်နှိုက်ကြည့်တယ်။ မုန့်လေး တစ်ခု စမ်းမိတယ်။ မုန့်ကိုပြပြီး ကြွက်နဲ့လဲဖို့ သင်းကို ဖျောင်းဖျရတာပေါ့။

"ဒါလေး စားနော် ဘော့ပ်၊ ဒါက ပိုကောင်းပါတယ်ကွာ နော်"

mgyoe.com

mgyoe.com SAMPLE BOOK

သူက သိပ်လဲချင်ပုံ မရပါဘူး။ အင်တင်တင်နဲ့ အကြာကြီး အထာကိုင်နေတယ်။ နောက်ဆုံးတော့ ကြွက်ကို လွှတ်ချလိုက်တယ်။ ကျွန်တော်လည်း အမြီးကနေကိုင်ပြီး အမှိုက်ပုံးထဲ အမြန်ပစ်ထည့်လိုက်တယ်။

အင်း– ဒါကလည်း ကြောင်တွေရဲ့ သဘာဝထဲက တစ်ခုကို သတိပြုမိစေတဲ့ အရာပေါ့။ ကြောင်ဆိုတာ တကယ့် မုဆိုးပဲလေ။ သတ်တဲ့၊ ဖြတ်တဲ့နေရာမှာ ဘယ်တော့မှ လက်မနှေးတဲ့ သတ္တဝါတွေ။ သူတို့အချစ်တော် အိမ်မွေး တိရစ္ဆာန်လေးတွေဟာ အသတ်အဖြတ်သမားတွေရယ်လို့ စဉ်းစားရတာ လူတွေကတော့ ဘယ်ကြိုက်လိမ့်မလဲ။ ဒါပေမဲ့ အခွင့်အရေးသာ ရလို့ကတော့ တကယ်တွယ်တဲ့ အကောင်တွေကွဲ့။ ဩစတြေးလျမှာဆိုရင် ငှက်တွေနဲ့ ကြွက်တွေကို သတ်လွန်းလို့ အိမ်မွေးကြောင် ညမထွက်ရ ဥပဒေတောင် ထုတ်ထားသေးတာကိုး။

ဒါကို ခု ဘော့ပ်က သက်သေပြလိုက်တာပဲ။ အမဲလိုက်မုဆိုး သတ္တဝါတစ်ကောင်ရဲ့ သွေးအေးမှု၊ လျင်မြန်မှု၊ တိကျသွက်လက်မှုတွေ အားလုံးဟာ အံ့မခန်းပဲ။ ဘယ်လို လုပ်ရမယ်၊ ဘာလုပ်ရမယ်ဆိုတာကို သူ ကောင်းကောင်းကြီး သိတာပဲ။

ဒီမြင်ကွင်းကြောင့်ပဲ ကျွန်တော့်ဆီ ရောက်မလာခင် သူ့ဘဝ အခြေအနေကို ကျွန်တော် စဉ်းစားကြည့်မိပြန်တယ်။ သူဟာ နေ့တိုင်း ဒီလို သားကောင်လေးတွေ ရှာဖွေ၊ သတ်ဖြတ် စားသောက်ရင်း အသက်ရှင် နေတာလား။ အိမ်မွေးကြောင်ဘဝကနေ ဒီလို လမ်းပျော်မုဆိုးဘဝ ရောက်သွားတာလား။ သူ့မှာ ပြောပြစရာ ပုံပြင်တစ်ပုဒ်ထက်မက ရှိမှာတော့ သေချာတယ်။

ဘာပဲပြောပြောလေ ဘော့ပ်နဲ့ ကျွန်တော်ဟာ ဒီနေရာမှာတော့ အတော်တူတယ်။

ကျွန်တော် အိမ်ခြေရာခြေမဲ့ ဘဝတုန်းကလည်း ကျွန်တော့် အတိတ်အကြောင်းကို လူအတော်များများ မေးခဲ့ဖူးတယ်။ စပ်စုတာ၊ ဘာရယ် မဟုတ် မေးတာအပြင် တာဝန်အရ မေးတာတွေလည်း ခံရဖူးတာပ။ လူမှုဝန်ထမ်းတွေ၊ စိတ်ပညာရှင်တွေ၊ ရဲအရာရှိတွေ မေးတာကို မျိုးစုံ ခံရဖူးတယ်။ သာမန်လူတွေ သိချင်လို့ မေးတာလည်း ပါပါတယ်။

လူ့အဖွဲ့အစည်းထဲက လူတချို့ အဲဒီလို လွင့်စဉ်ထွက်ပြီး လမ်းဘေး ရောက်သွားတာကို လူတွေ ဘာလို့ စိတ်ဝင်စားကြမှန်း ကျွန်တော် မသိပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ငါမဖြစ်တာ တော်သေးတာပေါ့ ဆိုတဲ့ ခံစားချက်မျိုး ရလို့လား။ လူတိုင်း ဒါမျိုး ဖြစ်နိုင်တယ်လို့ တွေးကြလို့လား။ ငါ့ဘဝငါ ဆိုးလှပြီ မှတ်တယ်။ ဒါမျိုးက ငါ့ထက် ပိုဆိုးတာပေါ့လို့ ဖြေသိမ့်စရာရလို့လား။ တစ်ခုခုနေမှာပေါ့။

ကျွန်တော့်လို အိမ်ခြေရာခြေမဲ့ ခိုကိုးရာမဲ့ လမ်းပေါ်ရောက်နေတဲ့ လူတွေရဲ့ အဖြေတွေဟာ တစ်ခုနဲ့ တစ်ခု ကွာခြားမှာ အမှန်ပါပဲ။ ဒါပေမဲ့ တူတာလေးတွေတော့ ရှိတတ်တယ်။ များသောအားဖြင့် အရက်နဲ့ ဆေးဟာ အဓိကနေရာကနေ ပါတာပေါ့။ ငယ်ဘဝနဲ့ မိသားစု အခြေအနေတွေလည်း ပါတာပေါ့။ ကျွန်တော့် အတွက်ကတော့ အဲဒါက အမှန်ပဲ။

ကျွန်တော့် ငယ်ဘဝဟာ အင်္ဂလန်နဲ့ ဩစတြေးလျကို ကူးချည် သန်းချည်နဲ့ ကုန်လွန်ခဲ့တာ။ ဆူရေးမှာမွေးတဲ့ ကျွန်တော်ဟာ သုံးနှစ်သားမှာပဲ မဲလ်ဘုန်းကို မိသားစုနဲ့အတူ ပြောင်းခဲ့ရတယ်။ အဲ-အမေနဲ့ပေါ့။ အဲဒီအချိန် အမေနဲ့ အဖေက ကွဲနေပြီလေ။ အဖေက ဆူရေးမှာ နေခဲ့တယ်။ အမေကတော့ ဖီးရော့စ် မိတ္တူကူးစက် အရောင်းသမားအဖြစ် မဲလ်ဘုန်းကို ပြောင်းလာခဲ့ တယ်။ အမေဟာ ကုမ္ပဏီရဲ့ ထိပ်တန်း အရောင်းသမား တစ်ယောက်ပါပဲ။ ဒီအလုပ်မှာ သူ တကယ်ကို တော်ပါပေတယ်။

ဒါပေမဲ့လည်း အမေ့ခြေထောက်မှာ ဗွေပါတယ်လို့ ပြောရမလားပဲ။ နှစ်နှစ်အတွင်း မဲလ်ဘုန်းကနေ ဩစတြေးလျ အနောက်ပိုင်းကို ပြောင်းရပြန်တယ်။ အဲဒီမှာ သုံး၊ လေးနှစ် နီးပါး ကြာတယ်။ ကျွန်တော့်အသက် ကိုးနှစ်လောက် အထိပေါ့။ ဩစတြေးလျမှာ နေရတဲ့ဘဝဟာ အတော်ကောင်းတယ်လို့ ဆိုရမယ်။ နောက်ဖေးခြံဝင်းကျယ်ကျယ်နဲ့ ရောမ ဘန်ဂလိုကြီးတွေမှာ နေခဲ့ ရတာ။ ကစားဖို့ နေရာအကျယ်ကြီးရယ်။ ဩစတြေးလျရဲ့ နေရာကျယ်ဝန်းမှုကို ကျွန်တော် သိပ်ကြိုက်တယ်။ ပြဿနာက ကျွန်တော့်မှာ သူငယ်ချင်း အပေါင်းအသင်း မရှိတာပဲ။

ပြောင်းရ ရွှေ့ရတာ များလွန်းတော့ ဘယ်ကျောင်းမှာမှ ကြာကြာ အသားကျအောင် မနေခဲ့ရဘူးလေ။ အသက် ကိုးနှစ်မှာ အင်္ဂလန်ကို ပြန်ပြောင်းလာခဲ့ရတယ်။ ဟော်ရှမ်နားက ဆက်စက်စ်မှာ နေရတယ်။ အင်္ဂလန် ပြန်ရောက်တာလည်း ပျော်တာပါပဲ။ မြောက်ဘက် ကမ္ဘာခြမ်းမှာ နေသားကျမလို့ ရှိသေးတယ် အသက် ၁၂ နှစ်အရောက်မှာ အနောက်ဩစတြေးလျကို ပြန်ရွှေ့ရပြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီတစ်ကြိမ်မှာတော့ ကွင်းစ်ရှော့ခ်ဆိုတဲ့ နေရာမှာ အခြေချရတယ်။ ကျွန်တော့် ပြဿနာတွေဟာ အဲဒီမှာ စတယ်လို့ ထင်မိတယ်။ အိမ်တစ်လုံးမှာ နှစ်နှစ်ထက်ပိုပြီး ဘယ်တုန်းကမှ မနေခဲ့ရဖူးဘူး။ အမေဟာ တစ်ချိန်လုံး အိမ်ဝယ်လိုက်၊ ပြန်ရောင်းလိုက်၊ တစ်နေရာရွှေ့လိုက်နဲ့ လုပ်နေတော့ ကျွန်တော့် ငယ်ဘဝဟာ တစ်နေရာတည်းမှာ အခြေခိုင် အသားကျပြီး ကြီးပြင်းလာရတာမျိုး ဘယ်ဟုတ်မလဲ ခင်ဗျာ။ ဂျစ်ပ်စီတွေလို ကြီးလာရတာမျိုး ဖြစ်နေတာပေါ့။

ကျွန်တော် စိတ်ပညာရှင် မဟုတ်ပါဘူး။ နောက်ပိုင်းနှစ်တွေမှာတော့ အဲဒီ စိတ်ပညာရှင် ဆိုသူတွေနဲ့ အတော်များများ တွေ့ခဲ့ရတယ်။ ဒါပေမဲ့လည်း အဲသလို ခဏ ခဏ ပြောင်းရွှေ့နေရတာဟာ ကလေးတစ်ယောက်အတွက် မကောင်းဘူးဆိုတာ သေချာသိတယ်။ အထူးသဖြင့် လူမှုပတ်ဝန်းကျင်နဲ့ ပေါင်းသင်း ဆက်ဆံရေးမှာပေါ့။ ကျောင်းမှာ သူငယ်ချင်း အရင်းအချာတွေရဖို့ သိပ်ခက်တယ်။ ဘယ်လောက်ပဲ ကြိုးစားပါစေ၊ ဆန့်ကျင်ဘက် ရလဒ်တွေကိုပဲ ရတယ်။ အများတကာရဲ့ ရယ်ပွဲဖွဲ့ခံ၊ အလှောင်ခံ တစ်ကိုယ်တော် သတ္တဝါကလေး အဖြစ်နဲ့ပေါ့။ ကွင်းစ်ရှော့ခ်မှာတော့ အတော့်ကို ဆိုးဆိုးရွားရွား ဖြစ်ခဲ့ရတယ်။

ဖျောက်မရတဲ့ အင်္ဂလိပ်လေသံရယ်၊ လူတကာကို မျက်နှာချိုသွေး မိတ်ဖွဲ့ချင်တဲ့ အကျင့်ရယ်ကြောင့် ကျွန်တော်ဟာ ကျောင်းက ကလေးဆိုးတွေရဲ့ အနိုင်ကျင့်ဖို့ ပစ်မှတ် ဖြစ်လာခဲ့တယ်။ တစ်နေ့မှာတော့ သူတို့ ကျွန်တော့်ကို ခဲနဲ့ပေါက်ကြတယ်။ အဲသလို ပေါက်လို့ကောင်းတဲ့ ကျောက်ခဲတွေ မျက်စိတစ်ဆုံး အစုလိုက်အပြုံလိုက် ရှိနေလို့ ကွင်းစ်ရှော့ခ် အမည်တွင်တဲ့ ဒီအရပ်မှာ ခဲနဲ့ ပိုင်းသမခံရတဲ့ ကျွန်တော်ဟာ အိမ်ရောက်အောင် မနည်း ပြန်ခဲ့ရတယ်။ ခံရတာတော့ မသေရုံ တစ်မည်ပါပဲ။

အဲဒီ အချိန် ကျွန်တော့်မှာ ပထွေးရနေပြီ။ သူ့နာမည်က နစ်ခ်တဲ့။ တကယ့် အပေအတေ အလေအလွင့်ပါပဲ။ ဟော်ရှမ်မှာတုန်းက အမေဟာ ရဲထဲ ခဏ ဝင်လိုက်သေးတယ်။ အဲဒီမှာတွေ့လာတာ။ ဩစတြေးလျသွားတော့ သင်းလိုက်လာတော့တာပဲ။

ဆယ်ကျော်သက်ဘဝ တစ်လျှောက်လုံး ကျွန်တော်တို့ဟာ ရေစီးတစ်ခါ ရေသာတစ်လှည့် နေခဲ့ကြရတယ်။ ဒါကလည်း အမေ့ရဲ့ ဖျောက်မရတဲ့ ဗီဇ သဘာဝကြောင့်လို့ ပြောလို့ရတယ်။ အမေဟာ တကယ့် စွန့်ဦးတီထွင်သမား။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့် အလုပ်အမျိုးမျိုး ပြောင်းနေတယ်။ ဗွီဒီယိုလုပ်ငန်း လုပ်လိုလုပ်၊ မဂ္ဂဇင်း ထုတ်လိုထုတ်၊ တစ်ခါတလေလည်း ကျွန်တော်တို့မှာ ငွေပုံကြီးပေါ် ထိုင်လို့၊ တစ်ခါတလေလည်း ကုန်းကောက်စရာ မရှိလောက်အောင် မွဲပြာလို့။ ဘာမှကို မမြဲတာတော့ အမှန်ပဲ ခင်ဗျ။

မကြာပါဘူး၊ ကျွန်တော် ကျောင်းထွက်ပစ်လိုက်တယ်။ အနိုင်ကျင့် ခံရတာကို သေလောက်အောင် မုန်းတာရော၊ နစ်ခ်ဆိုတဲ့ လူနဲ့ အသွားအလာ မလုပ်ချင်တာရော၊ လွတ်လွတ်လပ်လပ် နေချင်တာရော အကြောင်းစုံကြောင့် ပါပဲ။

ဒီလိုနဲ့ပဲ မထီတရီ ပမာမခန့်နဲ့ ရိုင်းစိုင်းတဲ့ ဆယ်ကျော်သက် တစ်ယောက် ဖြစ်လာခဲ့တယ်။ ထုံးစံအတိုင်း မကြာပါဘူး။ ဆေးငြိတော့တာပေါ့။ လက်တွေ့ဘဝထဲက ရုန်းထွက်ချင်တဲ့ စိတ်နဲ့ ပထမဆုံး ကော်ရှူမိတယ်။ မစွဲပါဘူး။ သူများလုပ်လို့ နှစ်ခါလောက် ရှူကြည့်တဲ့ သဘောပါပဲ။ နောက်ပိုင်းမှာ ဆေးခြောက်ရော၊ သင်နာရော၊ လက်သည်းဆိုးဆေးရော ရသမျှ အကုန်ချရင်း သံသရာလည်တော့တာပဲ။ ဒါပေမဲ့ တကယ့်ဖီးလ်ကို မရသေးဘူးလို့ ခံစားရပြီး ဒေါသတွေ တလိပ်လိပ် ထွက်ခဲ့သေးတယ်။

အသက် ခုနစ်နှစ်သားအရွယ် ကလေးငယ်ကိုကြည့်ရင် နောင်တစ်ချိန် သူ ဘယ်လို ကြီးပြင်းလာမလဲဆိုတာ ပြောနိုင်သတဲ့။ ကျွန်တော် ခုနစ်နှစ်သား တုန်းက ခင်ဗျား ကြည့်ခဲ့ရင် ခင်ဗျား ပြောနိုင်၊ မပြောနိုင် မသေချာပေမဲ့ ၁၇ နှစ်သားအရွယ်ကို ကြည့်ရင်တော့ ကျိန်းသေပေါက် ပြောနိုင်မှာ သေချာသဗျာ။ အဲဒီ အရွယ်မှာ ပျက်စီးခြင်းလမ်းမပေါ် ကိုယ့်ကိုယ်ကိုယ် တွန်းတင်ခဲ့မိပြီကိုးဗျ။

အမေဟာ ကျွန်တော် ဆေးပြတ်အောင် တတ်စွမ်းသမျှ ကြိုးစားခဲ့ရှာ ပါတယ်။ အမေတစ်ယောက် လုပ်နိုင်တာမှန်သမျှ သူ အကုန်လုပ်ပါတယ်။ ကျွန်တော့် အိတ်တွေထဲ ချောင်ကြို ချောင်ကြားမကျန် ရှာဖွေစစ်ဆေးတာ၊ ကျွန်တော့်ကို အခန်းထဲ သော့ပိတ်လှောင်ထားတာ စသဖြင့်ပေါ့။ သူ ဘယ်လောက်ပိတ်ပိတ် ကျွန်တော် ဒီသော့တွေကို အသာလေး ဖွင့်လို့ရတာပဲ။ ဒီလိုနဲ့ပဲ ကျွန်တော့် အခြေအနေဟာ ဆိုးသထက် ဆိုးလာခဲ့တယ်။ အမေက ကျွန်တော့်ကို စိတ်ကုဆရာဝန်ဆီ ခေါ်သွားခဲ့တယ်။ ဟာ-စိတ်ရောဂါ နာမည်မျိုးစုံ တပ်တော့တာပဲ။ စကစ်ဇိုဖရီးနီးယားတဲ့၊ ရူးသွပ်စိတ်ကျရောဂါတဲ့၊ အာရုံစိုက်ခံချင်လွန် ရောဂါတဲ့။ သောက်တလွဲတွေချည်းပဲ။ ကျွန်တော့်လို

mgyoe.com

mgyoe.com
SAMPLE BOOK

အရှုပ်အယှက်တွေနဲ့ ကြီးပြင်းလာတဲ့ ဗရုတ်ဗရက် ဆယ်ကျော်သက် တစ်ယောက်ဟာ လူတကာထက် သူပိုသိတယ်ဆိုတဲ့ စိတ်ကြီးဝင်မှုကလေးက ရှိတာကိုး ဗျ။ အမေ ပူပင်သောက ရောက်နေတာ မြင်နေသားပဲ။ ကျွန်တော့် ကြောင့် သူပူတယ်လေ ဆယ်နေကဲ ဖြစ်နေတာလေ။ တခြားလူတွေကိုတော့ ဂရုမစိုက်ပေါင်။ ဘယ်သူ ဘာပြောပြောပေါ့။

ခရစ်ယာန် ကယ်တင်ခြင်းအသင်းအဆောက်အအုံမှာ တစ်ယောက်တည်း နေတုန်း ကျွန်တော်နဲ့အမေရဲ့ ဆက်ဆံရေးဟာ အတော်ဆိုးဝါးသွားတယ်။ ကျွန်တော်လည်း ဆေးလေးချလိုက်၊ ဂစ်တာလေးတီးလိုက်နဲ့ အချိန်ဖြုန်း နေခဲ့တယ်။

ဆယ့်ရှစ်နှစ်ပြည့်ပြီး မကြာခင်မှာ အင်္ဂလန်ပြန်မယ်လို့ ကြေညာ လိုက်တယ်။ အဖေ့ အရင်အိမ်ထောင်နဲ့ရတဲ့ အစ်မဝမ်းကွဲနဲ့အတူ လန်ဒန်မှာ နေမယ်ပေါ့။ တကယ်တော့ အဲဒါဟာ အဝီစိကို ကြောင်လိမ်လှေကားနဲ့ဆင်းမယ့် လမ်းအစပါပဲလေ။

တကယ်တော့ အဲဒီ အချိန်က ကျွန်တော်ဟာ သာမန်ဆယ်ကျော်သက် တွေလိုပါပဲ။ အမေက လေဆိပ် လိုက်ပို့တယ်။ ကားပေါ်က ခုန်ဆင်း၊ အမေ့ ပါးကို တာဝန်ကျေနမ်းပြီး လက်ပြ နှုတ်ဆက်ခဲ့တယ်။ ခြောက်လလောက်ပဲ ကြာမယ်လို့ စိတ်ထဲမှန်းထားတာပေါ့။ လန်ဒန်ရောက်ရင် ဂီတသမားဖြစ်ဖို့ ကြိုးစားမယ်ဆိုတဲ့ မဟာအိပ်မက်ကြီးကို ရင်ဝယ်ပိုက်လို့ပေါ့။ ဒါပေမဲ့ မှန်းထားသလို ဘယ်ဖြစ်ပါ့မလဲနော်။

စစချင်းတော့ လန်ဒန်တောင်ပိုင်းက အစ်မနဲ့ တကယ်နေခဲ့ ပါသေးတယ်။ ဒါပေမဲ့ ယောက်ဖလုပ်သူက မကြည်ဘူးလေ။ အင်းလေ- အိမ်စရိတ် တစ်ပြားမှမပေးဘဲ အလကား ပဲတင်း လာနေပြီး တစ်လောကလုံးနဲ့ ရန်သူလုပ်ချင်နေတဲ့ သူပုန်သူကန် အနုပ်စုတ်ကုပ်စုတ် ဆယ်ကျော်သက် ကောင်လေးကို ကြည်တဲ့လူ ဘယ်သူများ ရှိမှာမို့လို့လဲ။

ဩစတြေးလျမှာတုန်းကတော့ ကျွန်တော်ဟာ မိုဘိုင်းဖုန်း အရောင်းဆိုင်မှာ အလုပ်လုပ်ခဲ့တယ်။ အင်္ဂလန်မှာတော့ ကောင်းကောင်းမွန်မွန် အလုပ်လေးတစ်ခုတောင် ရှာမတွေ့ဘူး။ ပထမတော့ စားပွဲထိုးအလုပ်လေး ရသေးတယ်။ ဒါပေမဲ့ ဘာမှ မကြာလိုက်ဘူး။ ၁၉၉၇ ခုနှစ် ခရစ္စမတ်ပွဲတော် အတွင်း သူတို့ အားလပ်ရက်တွေအတွက် ကျွန်တော့်ကို အစားထိုး အသုံးချပြီး

mgyoe.com

mgyoe.com SAMPLE BOOK

မကြာပါဘူး။ အလုပ်က ထုတ်ပစ်လိုက်ရော။ ကျွန်တော့် သောက်ခွက်က စားပွဲထိုးများမှာ ရှိသင့်ရှိထိုက်တဲ့ ဥပမိ မရှိလို့တဲ့။ တရားဝင် ရေးတဲ့စာမှာတော့ ကျွန်တော်က ကျွန်တော့်သဘောနဲ့ ကျွန်တော် နုတ်ထွက်တာတဲ့။ အင်္ဂလန်နိုင်ငံသား တစ်ယောက်ရဲ့ မွေးရာပါ အခွင့်အရေးကို ရအောင် မယူနိုင်သူတဲ့။

အလုပ်ပြုတ်တော့ နဂိုကတည်းက မကြည်တဲ့ ယောက်ဖဟာ ပိုဆိုးလာတယ်။ နောက်တော့ ယောက်ဖရော အစ်မကပါ တညီတညွတ်တည်း အိမ်ပေါ်က နှင်ချလိုက်တယ်။ ကျွန်တော် အဖေနဲ့ ဆက်သွယ်တယ်။ နှစ်ကြိမ်လောက် တွေ့တယ်။ ဒါပေမဲ့ သူ့ဆီနေလို့ မဖြစ်ပါဘူး။ သားအဖသာဆိုတယ်၊ ခုမှ မြင်ဖူးရုံ ရှိတာကိုး။ ဂျစ်ပ်စီတွေလို သွားလေရာ အထုပ်အပိုးနဲ့ အိပ်ရာလိပ်သယ်ပြီး ဘော်ဒါတွေအိမ် လိုက်အိပ်တယ်။ ကြမ်းပြင်ပေါ်၊ ဆိုဖာပေါ်၊ နောက်တော့ အိပ်စရာ အိမ်မရှိတော့ဘူး။ ဒီလိုနဲ့ လမ်းပေါ် ရောက်လာခဲ့တယ်။

အဲဒီ အချိန်ကစလို့ ဘဝဟာ ခပ်မြန်မြန်ကို ထိုးဆင်းတော့တာပါပဲ။

လမ်းပေါ်အိပ် လမ်းပေါ်စားတဲ့ လန်ဒန်ရဲ့ အိမ်ခြေရာခြေမဲ့ ဘဝဟာ ခင်ဗျားရဲ့ ဂုဏ်သိက္ခာတွေ၊ ဖြစ်တည်မှုတွေ၊ ရပ်တည်မှုတွေ အားလုံးကို အရေခွံခွာတ်ပေးလိမ့်မယ်။ အဆိုးဆုံးကတော့ လူတွေက ခင်ဗျားအပေါ်ထားတဲ့ သဘောထားအမြင်ပါပဲ။ အုတ်ကြား မြက်ပေါက်ရယ်လို့ သိတာနဲ့ တစ်ပြိုင်နက် ခင်ဗျားဟာ လူမဟုတ်ဘူး။ လူ့အောက် တစ်ဆင့်နိမ့် သတ္တဝါလို့ သူတို့ သဘောထားကြလိမ့်မယ်။ အလုပ်ရဖို့ မပြောနဲ့ သူငယ်ချင်း မိတ်ဆွေဆိုတာတောင် မူးလို့ ရှုစရာရှိမယ် မဟုတ်ဘူး။ တစ်ခါတော့ အမှိုက်သိမ်း အလုပ်လေး ရဖူးတယ်။ အိမ်ခြေရာခြေမဲ့မှန်း သိတာနဲ့ တစ်ခါတည်း အလုပ်တန်းထုတ်တော့တာပဲ။

ဩစတြေးလျ ပြန်လို့ ရသားပဲလို့ ခင်ဗျား ပြောချင်လိမ့်မယ်။ ဟုတ်တယ်၊ ကျွန်တော့်မှာ အပြန် လေယာဉ်လက်မှတ် ရှိတယ်။ ဒါပေမဲ့ ပြန်မယ့်ရက် မတိုင်ခင် နှစ်ပတ်မှာ နိုင်ငံကူးလက်မှတ် ပျောက်သွားခဲ့တယ်။ ဘာစာရွက်စာတမ်းမှလည်း မရှိ။ အသစ်ပြန်လုပ်ဖို့ ငွေလည်း တစ်ပြားမှ မရှိ။ ဆိုတော့ ဩစတြေးလျက မိသားစုဆီပြန်ဖို့ မျှော်လင့်ချက် ရေစုန်မျောပြီပေါ့။ တတ်နိုင်ဘူးလေ။

ပလက်ဖောင်းခေါင်းအုံးဘဝရဲ့ နောက်တစ်ဆင့်ကတော့ ဆေးချလိုက်၊

mgyoe.com

mgyoe.com SAMPLE BOOK

အရက်သောက်လိုက်၊ ရာဇဝတ်မှု အသေးလေးတွေ ကျူးလွန်လိုက်နဲ့ မျှော်လင့်ချက် ဆိတ်သုဉ်းရင်း ဘိန်းဖြူစွဲတော့တာပါပဲ။

အစကတော့ လမ်းပေါ်အိပ်နိုင်အောင် ဘိန်းဖြူကို စချမိခဲ့တာပါ။ အအေးဒဏ်တွေ၊ အဖော်မဲ့တာတွေ အားလုံး ပျောက်သွားပြီး တခြားကမ္ဘာ တစ်ခုကို သူက ခေါ်သွားနိုင်စွမ်း ရှိတာကိုး။ အဲ-ကံမကောင်း အကြောင်းမလှတာ ကတော့ ကျွန်တော့် စိတ်ဝိညာဉ်ကိုပါ သူက ခေါ်သွားတော့တာပဲ။ ၁၉၉၈ လောက်ကျတော့ ကျွန်တော် ဘိန်းဖြူကို လုံးလုံးစွဲနေခဲ့ပြီ။ သေမလို ခဏခဏ ဖြစ်ပေမယ့် မသေခဲ့ဘူး။ ဘာကြောင့် မသေမှန်းတော့ မသိပါဘူးဗျာ။

အဲဒီ အချိန်တုန်းက မိသားစုဝင်တွေကို ကျွန်တော် မဆက်သွယ်ဘူး။ ကမ္ဘာပေါ်ကနေ ရှိန်းဆာယာ ပိုမောက်ပြီး ကိုယ်ပျောက်နေသလိုပါပဲ။ ဂရုလည်း မစိုက်ချင်ပါဘူး။ မကျေနပ် လေဖြတ်၊ စိတ်ပူရင်လည်း လဲသေကြ။

လန်ဒန်ရောက်တာ တစ်နှစ်၊ လမ်းပေါ်ရောက်တာ ကိုးလပြည့်တဲ့ အခါမှာတော့ အဖေ့ဆီ လှမ်းဖုန်းဆက်မိတယ်။ ခရစ္စမတ် ကာလပေါ့။ ဘာရယ်မဟုတ်၊ စိတ်ထဲ ဟာတာတာ ရှိလွန်းလို့ပါ။ သူ့မယား၊ ကျွန်တော့် မိထွေးက ဖုန်းလာကိုင်တယ်။ သူက တော်တော်နဲ့ လာမကိုင်ဘူး။ လာလည်း ကိုင်ရော အပြတ်ကောတော့တာပဲ။ သူ ကျွန်တော့်ကို ရေလည် တင်းနေတာကိုး။

'သောက်သုံးမကျတဲ့ကောင်၊ မင်း ဘယ်ရောက်နေတာလဲ၊ ငါတို့ကို စိတ်ပူပြီး သေအောင် မင်း လုပ်နေတာလား'

ကျွန်တော် ကြောက်ကြောက်နဲ့ ဆင်ခြေဆင်လက်တွေ ပြောမိပြောရာ ပြောတာပေါ့။ ဒါပေမဲ့ သူ ကျွန်တော့်ကို အော်ချည်းနေတော့တာပဲ။ အမေက သူ့ကို အမြဲ ဖုန်းဆက်နေတယ်တဲ့။ ဒါကိုက အမေ ကျွန်တော့် အတွက် ဘယ်လောက် စိတ်ပူ စိတ်ဆင်းရဲနေတယ်ဆိုတာ ပြတာပါပဲ။ အဖေနဲ့ အမေဟာ ဘယ်တုန်းကမှ စကားပြောတာ မဟုတ်ဘူး။ အဖေဟာ ငါးမိနစ်လောက် မနားတမ်း ကျွန်တော့်ကို အော်ဟစ်ပြီး ဆူဆဲနေတယ်။ ကျွန်တော် သေပြီလို့ သူ ထင်နေမှာပေါ့။ တကယ်လည်း သေသင့်တာကိုးနော်။

ခိုကိုးရာမဲ့ဘဝနဲ့ တစ်နှစ်ကျော် နေပြီးတဲ့နောက် အိမ်ခြေရာခြေမဲ့များ စောင့်ရှောက်ရေးအဖွဲ့ရဲ့ ကယ်တင်ခြင်းကို ခံရတယ်။ နေရာမျိုးစုံမှာ ရွှေ့ပြောင်းနေထိုင်ရတယ်။ အိမ်နေရာချထားရေး စာရင်းမှာ ဦးစားပေးထဲ ပါသွားတယ်။ နောက် ဆယ်နှစ်လုံးလုံး အဆောင်မျိုးစုံ၊ အိမ်ရာမျိုးစုံ၊

mgyoe.com

mgyoe.com
SAMPLE BOOK

စခန်းမျိုးစုံမှာ မြင်သမျှ အကုန်ခိုးတဲ့ ချုံးချုံးကျ ဆေးသမား၊ အရက်သမား၊ အလစ်သမား မျိုးစုံနဲ့ အတူအိပ်ခဲ့ရတယ်။ တန်ဖိုးရှိတာကလေးတွေကို အဝတ်တွေကြားညှပ်၊ အိတ်ထဲထည့်ပြီး အိတ်ကို ခေါင်းအုံးအိပ်ခဲ့ရတာမျိုးပေါ့။ အဲဒီ အချိန်မှာ အသက်ရှင်နေဖို့ကိုပဲ စဉ်းစားနိုင်ခဲ့ပါတယ်။

ဘိန်းဖြူစွဲတာကလည်း ပိုပိုပြီး ဆိုးလာခဲ့တယ်။ အသက်သုံးဆယ် မပြည့်ခင်မှာ ဆေးစွဲတာ ဆိုးလွန်းလို့ ပြန်လည်ထူထောင်ရေး စခန်းကို ရောက်ခဲ့ရတယ်။ အဲဒီမှာ နှစ်လလောက် ကြာတယ်။ နောက်တော့ ဆေးဝါးနဲ့ ပြန်လည်ထူထောင်ရေးဆိုတဲ့ အစီအစဉ်ထဲ ရောက်သွားတယ်။ နိစ္စဂူဝ ကမ်မဒန် ပြန်လည်ထူထောင်ရေး စခန်းကနေ ဘတ်စ်ကားစီးပြီး ဘိန်းဖြူကို စနစ်တကျ ဆေးအဖြစ်ပေးမယ့် ဆေးဆိုင်ကို သွားရတယ်။ ကြာတော့ ဒီကိစ္စဟာ ကျင့်သားရ တုံ့ပြန်မှုတစ်ခု ဖြစ်လာခဲ့တယ်။

နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း ဆိုတာတွေကို မရေမတွက်နိုင်အောင် အလုပ်ခံခဲ့ရတယ်။ ဘိန်းဖြူ ဘယ်လိုစစွဲ၊ ဘယ်တုန်းက စသုံး၊ ဘယ်လို အဆုံးသတ် စတာတွေကို အကြိမ်ပေါင်းများစွာ ပြောခဲ့ရတယ်။

ဆေးစွဲခြင်းနဲ့ ပတ်သက်တဲ့ ဆင်ခြေဆင်လက်ကတော့ အများကြီး ရှိမှာပေါ့။ ကျွန်တော့် ဆင်ခြေကိုတော့ ကျွန်တော် သေချာသိပါတယ်။ ကျွန်တော် ဆေးသုံးတာဟာ အထီးကျန်လွန်းလို့ပဲ။ မိသားစုလည်း မရှိ၊ သူငယ်ချင်းလည်း မရှိတဲ့ ကျွန်တော့်ရဲ့ အထီးကျန်မှုကို ဘိန်းဖြူက လွတ်မြောက်သက်သာစေတယ်။ ဒါကြောင့်ပဲ ဘိန်းဖြူဟာ ကျွန်တော့်ရဲ့ အဖော်မွန် ဖြစ်လာခဲ့တာ။

ဒါပေမဲ့လည်း ဒါကို ဆက်သုံးရင် သေမယ်ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်။ ဒါကြောင့်မို့ ဘိန်းဖြူအစားထိုးပစ္စည်း မက်သာဒုန်းကို ပြောင်းတယ်။ ၂၀၀၇ နွေဦးမှာတော့ ဘိန်းဖြူကို လုံးဝ မသုံးတော့ဘဲ မက်သာဒုန်းသက်သက်နဲ့ပဲ နေလို့ပဲ ရလာခဲ့တယ်။

တော့တင်ဟမ်က တိုက်ခန်းကို ပြောင်းလာတာလည်း ပြန်လည်ထူထောင်ရေး အစီအစဉ်ရဲ့ အဓိကကျတဲ့ အစိတ်အပိုင်း တစ်ခုပေါ့။ ဒီတိုက်ခန်းတွေဟာ သာမန်မိသားစုတွေနေတဲ့ သာမန်တိုက်ခန်းတွေ၊ တစ်နည်းအားဖြင့် လူ့လောက လူ့အသိုင်းအဝိုင်းထဲကို ပြန်ဝင်နိုင်မယ့် အခွင့်အရေးကြီး တစ်ခုမှန်း ကျွန်တော် သိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တိုက်ခန်းမှာနေတဲ့ ကုန်ကျစရိတ်အတွက် ကိုဖန့်ပန်းခြံမှာ ကျွန်တော် ဖျော်ဖြေရတယ်။ ဂစ်တာတီး၊ သီချင်းဆိုပြီး ပိုက်ဆံ တောင်းတာဟာ အများကြီးတော့ ဘယ်ရမလဲ။ ဒါပေမဲ့ စားဖို့သောက်ဖို့၊ ဂက်စ်ဖိုး၊ မီတာခ၊ ရေဖိုး လောက်တော့ ရပါတယ်။ လှိုင်းတံပိုးထန်တဲ့ ပင်လယ်ထဲ လက်ပစ်ကူး နေရာကနေ လှေပေါ်ရောက်လာသလို ဘဝတစ်ဆစ်ချိုးဖို့ အခွင့်အရေးမှန်း ကျွန်တော် သိပါတယ်။ ဒီအခွင့်အရေးကို အမိအရ ယူရမယ်မှန်းလည်း သိပါတယ်။ ကျွန်တော်သာ ကြောင်တစ်ကောင်ဆိုရင် ဒါ ကျွန်တော့်ရဲ့ နောက်ဆုံး လက်ကျန် ကိုးချောင်းမြောက် အသက်ပဲလေ။

❖

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

### ဖြတ်တောက်ခြင်း

နှစ်ပတ်မပြည့်ခင်ပဲ ဘော့ပ်ဟာ တသွေးတမွေးနဲ့ ပြောင်ပြောင်ရောင်ရောင် ဖြစ်လာခဲ့တယ်။ အနာလည်း ကျက်သွားပြီ။ ကုတ်ရာ ခြစ်ရာတွေပေါ် အမွေးသစ် ထူထူထဲထဲတွေ ဖုံးသွားပြီ။ စိမ်းဝါရောင် မျက်လုံးဟာလည်း အရည်လဲ့ပြီး တောက်လာလိုက်တာ သူ့မျက်နှာတောင် ပျော်နေသလို အသွင်ဆောင်လာတယ်။

နာလန်ထလာပြီဆိုတာကို သောင်းကျန်း၊ ကမြင်းကြော ထပြခြင်း အားဖြင့် သူက သက်သေထူနေတယ်လေ။ တစ်ခန်းလုံး ပတ်လည်လှည့်ပြေး၊ ကျွန်တော်အပါအဝင် မြင်မြင်သမျှအရာတွေကို လိုက်ပြီးကုတ်ခြစ်ရင်း ငါကွလို့ သူ ကြွေးကြော်နေလေရဲ့။

ကြမ်းခင်းမှာလည်း သူ့ကုတ်ရာ အစင်းကြောင်းတွေချည်းပဲ။ ကျွန်တော့် လက်ဖျံတွေ၊ လက်ခုံတွေမှာလည်း ကုတ်ရာတွေနဲ့ပေါ့။ စိတ်မကွက် ပါဘူး။ ဒါ သူ နေကောင်းလာလို့ ဆော့တာကိုး၊ ဆော့ပါစေ။

ဒါပေမဲ့ ပစ္စည်းတွေကိုတော့ ဂရုစိုက်ပြီး သိမ်းရဆည်းရတယ်။ ရှူးဖိနပ်တို့၊ အဝတ်အစားတို့ဟာ မိနစ်ပိုင်းအတွင်း သူ့လက်ထဲ ပျက်စီးသွားနိုင် တာကိုး။

mgyoe.com

mgyoe.com SAMPLE BOOK

အဲ-ခုလို ဖြစ်နေတာကိုက သူ့ကို တစ်ခုခုလုပ်ဖို့ လိုနေပြီ ဆိုတာကို ပြတာပါပဲ။ ကျွန်တော့်ဘဝမှာ ကြောင်ပေါင်းများစွာနဲ့ တွေ့ခဲ့ဖူးပြီကိုး။ အဖိုဟော်မုန်း တက်စတိုစတီရုန်းတွေ ထကြွသောင်းကျန်းနေတဲ့ ကြောင်ထီး ကလေး ဖြစ်လာတဲ့အခါ သူအသက်ရှည်ရှည် နေနိုင်အောင် သင်းကွပ်ပေးရမယ် ဆိုတာကို ကျွန်တော် သံသယမရှိ သိပါတယ်။ ဒါကြောင့်မို့ ဆေးပတ်လည်ပြီး နှစ်ရက်ကြာတော့ ဒယ်စတွန်လမ်းက အက်ပ်ဘေး တိရစ္ဆာန်ဆေးခန်းကို ဖုန်းဆက်ဖို့ ဆုံးဖြတ်လိုက်တယ်။

သူ့ကို သဘာဝအတိုင်း ထားမယ်ဆိုရင် ဖြစ်လာမယ့် ကောင်းကျိုး၊ ဆိုးကျိုးတွေကို ကျွန်တော် သိပါတယ်။ ဆိုးကျိုးက ပိုများတာလည်း ကောင်းကောင်းသိတယ်။ သင်းမကွပ်ဘဲ ထားခဲ့ရင် သူ့ဟော်မုန်းတွေ ပိုလျှံ လွန်ကဲလာတဲ့အခါ သူဟာ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်း မရှိဘဲ လမ်းပေါ် ထွက်ပြီး အဖော်ရှာလိမ့်မယ်။ ရက်ပေါင်းများစွာ အစရှာမရအောင် ပျောက်နေ လိမ့်မယ်။ ကာမတဏှာတိုက်ပွဲကို စွမ်းစွမ်းတမံ ဆင်နွှဲရင်း ဒဏ်ရာဗရပွနဲ့ချည်း ဖြစ်နေမှာ။ ခုဖြစ်လာတဲ့ အနာကလည်း အဲသလို တိုက်ပွဲကနေ ရလာတာပဲ။ ကြောင်ထီးတွေဟာ သူတို့နယ်မြေလို့ ကြေညာထားတတ်ကြတယ်။ ဝင်တဲ့ကောင် သေဖို့သာ ပြင်ပေါ့လေ။ ဘော့ပ်ဟာ တခြား ကြောင်ထီးတစ်ကောင်ရဲ့ နယ်မြေထဲ ဝင်သွားလို့ ခုလို ဆော်လွှတ်တာ ခံလာရတာ သေချာတယ်။ နောက်တစ်ခုက သင်းမကွပ်ခဲ့ရင် အိတ်ချ်အိုင်ဗွီနဲ့ အလားသဏ္ဌာန်တူတဲ့ ကြောင် ခုခံကျကာလသားရောဂါ ဗိုင်းရပ်ပိုးလည်း ကူးလာမှာ စိုးရတယ်။ နောက်ဆုံး အနေနဲ့တော့ သင်းကွပ်ပြီး အိမ်မှာပဲ ကျွန်တော်နဲ့ အတူနေရင် ခုလို ကမြင်းကြော မထဘဲ ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေး နေတော့မှာ။

ဆိုတော့ သင်းကွပ်ခြင်းမှာ ကောင်းကျိုးကသာ အဆမတန် ပိုများ တာပေါ့။ ဆေးခန်းကို ဖုန်းခေါ်မယ်ကွာ။ ကဲ-ခေါ်ပြီ။ ဟော-အမျိုးသမီး သူနာပြုတစ်ယောက် ဖုန်းလာကိုင်တယ်။

သူ့ကို အခြေအနေ ရှင်းပြတယ်။ အခမဲ့ ခွဲစိတ်ကုသဖို့ဆိုတာ မေးကြည့်တယ်။ သူက ရတယ်တဲ့။ ပထမအကြိမ် ဆေးခန်းလာပြထားတဲ့ စာအုပ်ရယ်၊ အခမဲ့ခွဲစိတ်ခွင့် လက်မှတ်ရယ်သာ ယူလာခဲ့တဲ့။ ဒါပေမဲ့ ဘော့ပ်က ပဋိဇီဝဆေးတွေ သောက်ထားတာ မကြာသေးဘူး မဟုတ်လား။

mgyoe.com

mgyoe.com
SAMPLE BOOK

အဲဒီကိစ္စပြောတော့ ဘာမှမပူနဲ့တဲ့။ ပြဿနာ မရှိဘူးတဲ့။ နောက်နှစ်ရက်ကြာရင် ခွဲစိတ်ဖို့ ဘွတ်ကင် တင်လိုက်ပါတဲ့။

'ဘာမှ မခက်ဘူး။ မနက်ပိုင်း လာပို့ထားလိုက်။ ညနေကျတော့ ဝင်ယူသွားရုံပဲ' လို့ သူက ပြောတယ်။

သူ ခွဲစိတ်မယ့်မနက်မှာ ကျွန်တော် အိပ်ရေးဝဝ ကြည်ကြည်လင်လင်ပဲ နိုးလာတယ်။ ခွဲစိတ်ဖို့ မနက် ဆယ်နာရီမှာ ချိန်းထားတယ်။ တိရစ္ဆာန် စောင့်ရှောက်ရေး စင်တာကို သွားပြီးကတည်းက ခု ပထမဆုံးအကြိမ် သူနဲ့ ကျွန်တော် တူတူလမ်းထွက်တာပဲ။

ပဋိဇီဝဆေး သောက်နေရတဲ့အချိန်မှာ အီးပါ၊ ရှူးပေါက်ကလွဲလို့ ကျွန်တော် သူ့ကို အိမ်ပေါ်က အိမ်အောက် ပေးမဆင်းခဲ့ဘူး။ ပထမအကြိမ် တုန်းကလိုပဲ သူ့ကို အစိမ်းရောင် ပလတ်စတစ် ရီဆိုင်ကယ်ပုံးထဲ ထည့်တယ်။ ရာသီဥတုက မကောင်းဘူး။ ဒါကြောင့် ပလတ်စတစ်ပုံးရဲ့ အဖုံးကို အသာလေး ဖုံးထားလိုက်တယ်။ ဘော့ပ်ဟာ သက်သောင့်သက်သာရှိပုံ မပေါ်ဘူး။ ပုံးထဲကနေ ခဏ ခဏ ခေါင်းကြီး ထောင်ထောင်ကြည့်နေတယ်။

အက်ပ်ဘေး တိရစ္ဆာန်ဆေးခန်းဟာ ဒယ်စတွန်လမ်းက ဆိုင်ခန်း တွဲတွေထဲက တစ်ခုပဲ။ သတင်းစာ ကိုယ်စားလှယ်ရုံးနဲ့ ဆေးခန်းတစ်ခုကြားက အခန်းကျဉ်းလေးပဲ။ အချိန် စောရောက်သွားပေမယ့် ဆေးခန်းက လူတွေ၊ တိရစ္ဆာန်တွေ အပြည့်အသိပ်။ ထုံးစံအတိုင်း ခွေးတွေဟာ လည်ပတ်ကြိုးကို ဆောင့်ဆောင့်ရုန်းပြီး လက်ဆွဲအိမ်ကလေးတွေထဲက ကြောင်တွေကို ရန်လုပ် နေကြတယ်။ ဘော့ပ်လို မထော်မနမ်းပုံးကြီးနဲ့ ထည့်လာတဲ့ကြောင်ကိုမြင်တော့ ဘုံရန်သူလို ဝိုင်းမာန်ဖီကြတော့တာပဲ။ စတက်ဖ်ဖို့ရှိုင်းယား ဘူးတယ်ရီယာ ခွေးလေးတွေကို ကျောက်ခေတ်လူသားနဲ့တူတဲ့ ပိုင်ရှင်တွေနဲ့အတူ မနည်းမနော တွေ့ရပါသေးတယ်။

တချို့ကြောင်တွေဆို ဒီလိုအခြေအနေမှာ အတင်းရုန်းကန် ကုတ်ခြစ်ပြီး ထွက်ပြေးမှာပဲ။ ဘော့ပ်ကတော့ အေးဆေးပဲ။ ကျွန်တော့်ကို သူ ယုံကြည်စိတ်ချ ထားတဲ့ပုံပဲ။

ကျွန်တော့်နာမည်ခေါ်ပြီ။ အသက်နှစ်ဆယ်လောက် သူနာပြု တစ်ယောက် ပေါ်လာတယ်။ လက်ထဲမှာလည်း စာရွက်စာတမ်းတွေနဲ့။ ကျွန်တော် တို့ကို အခန်းတစ်ခန်းထဲ ခေါ်သွားပြီး မေးနေကျမေးခွန်းတွေ မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခွဲစိတ် ဖြတ်တောက်ပြီးရင် မူလအတိုင်း ပြန်မဖြစ်တော့ဘူး။ ရှင် ဘော့ပ်ကို သားသား၊ မီးမီးတွေ မပွားစီးစေချင်တာ သေချာရဲ့လား"

ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။

"သေချာပါတယ်ဗျာ"

ဘော့ပ်ခေါင်းလေးကို ပွတ်ပြီး ဖြေလိုက်တယ်။

နောက်မေးခွန်းကတော့ အတော် အကျပ်ရိုက်သဗျာ။

"ဘော့ပ် အသက် ဘယ်လောက် ရှိပြီလဲ" တဲ့လေ။

"အား-ဒါတော့ မသိဘူးဗျ"

ဘော့ပ်နဲ့ ကျွန်တော် ဆုံစည်းပုံကို ခပ်တိုတို ဇာတ်စုံခင်းရတယ်။

"ဟမ်-ကဲ-တစ်ချက်လောက် ကြည့်ရအောင်"

သူနာပြုဆရာမလေးက ကြောင်ကို လှန်လှောကြည့်ရင်း သင်းမကွပ်ရသေးတာနဲ့တင် အသက်ကို အတိအကျပြောလို့ မရသေးဘူးလို့ ရှင်းပြနေတယ်။

"ကြောင်ထီး ကြောင်မတွေဟာ အသက် ခြောက်လလောက်မှာ အရွယ်ရောက်လေ့ ရှိတယ်။ ဒီတိုင်း ထားလိုက်ရင် အရွယ်ရောက်တဲ့ လက္ခဏာတွေ ပြလာတတ်တယ်။ ကြောင်ထီးတွေဟာ ပါးစုန့်ကြီးတွေ ထွက်လာတတ်တယ်။ အရေပြားတွေ ထူလာတယ်။ ငယ်ငယ်ကတည်းက သင်းကွပ်ထားတဲ့ ကောင်တွေထက်လည်း ပိုထွားတတ်တယ်။ ခု သူက သိပ်မထွားသေးဘူးဆိုတော့ ကိုးလ၊ ဆယ်လသားလောက် ဖြစ်လိမ့်မယ်" လို့ ပြောတယ်။

ဖြည့်ရမယ့်ပုံစံတွေကို သူပေးတယ်။ ခွဲစိတ်ဖြတ်တောက်မှုရဲ့ ဘေးထွက်ဆိုးကျိုး နည်းနည်းရှိပေမယ့် မပြောပလောက်ပါဘူးတဲ့။ ဖြစ်ဖို့ အခွင့်အရေးလည်း နည်းသတဲ့။

"အိုကေလေ၊ ကျွန်မတို့ သူ့ကို မခွဲစိတ်ခင် စမ်းသပ်၊ သွေးစစ်ဦးမယ်၊ ပြဿနာ တစ်ခုခုရှိရင် လှမ်းဆက်သွယ်ပါ့မယ်"

"အိုကေ အိုကေ"

အိုကေမယ့်သာ ကေတာ၊ ကျွန်တော့်မှာ မိုဘိုင်းဖုန်းက မရှိဘူးဗျ။ ဘာနဲ့များ လှမ်းဆက်သွယ်မယ် မသိ။

သူက ခွဲစိတ်ကုသပုံကို ရှင်းပြတယ်။

"ခွဲစိတ်မှု တစ်ခုလုံးကို မေ့ဆေးနဲ့ လုပ်မှာပါ၊ ရှင်းပါတယ်၊

mgyoe.com

mgyoe.com
SAMPLE BOOK

ကပွယ်အိတ်မှာ တစ်ဖက်တစ်ချက် ခွဲကြောင်းလေး နှစ်ခုပေးပြီး ငွေးစေ့တွေ ထုတ်ပစ်မှာပါပဲ"

"အမယ်လေး ဖြစ်ရလေကွာ ဘော့ပ်ရာ"

"အားလုံး အဆင်ပြေမယ်ဆိုရင် နောက်ခြောက်နာရီလောက်ကြာရင် လာခေါ်လို့ ရပါပြီ၊ ညနေ လေးနာရီခွဲလောက်ပေါ့၊ အိုကေလား"

'ဟုတ်ကဲ့၊ ဒါဆို ညနေမှ တွေ့ပါ့မယ်'

ဘော့ပ်ကို ပွတ်သပ်ချော့မြှူပြီး လမ်းပေါ် ထွက်လာလိုက်တယ်။ မိုးက တဖွဲဖွဲ ရွာနေပြန်ပြီ။

လန်ဒန်မြို့လယ်ကောင်ထိ သွားဖို့ အချိန်မရှိတော့ဘူး။ ဒီအနီးအနားမှာပဲ သီချင်းလေး လေးငါးပုဒ်ဆိုမှ။ ဒါနဲ့ ဒယ်စတွန် ကင်းစ်လန်း ဘူတာရှိရာကို သွားလိုက်တယ်။ ဘူတာရုံနဲ့ ကပ်ရက်မှာ အင်မတန် သဘောကောင်းတဲ့ ဖိနပ်ပြင်ဆိုင်လေး ရှိတယ်။ မိုးသည်းလာရင် မိုးခိုလို့လည်း ရတယ်။ အဲဒီမှာပဲ ဖျော်ဖြေရင်း ဘော့ပ်ကို စောင့်ရမှာပဲ။

ဖျော်ဖြေနေရင်း ဘော့ပ်ကို စိတ်ထဲက မေ့နိုင်အောင် ကြိုးစားနေရတယ်။ ခွဲစိတ်ခန်းထဲ ရောက်နေရှာတဲ့ သူ့ပုံရိပ်ကို မစဉ်းစားမိအောင် ကြိုးစားတယ်။ သူ့ဘာသာသူ လမ်းပေါ်နေနေတာ အကောင်းသား။ ခွဲစိတ်လိုက်လို့ တိမ်းပါးသွားမှဖြင့်။ ခွဲစိတ်ရင်း ဆုံးသွားတဲ့ ခွေးတွေ၊ ကြောင်တွေရဲ့ ဇာတ်လမ်းကို ကျွန်တော် ကြားဖူးတယ်။ အို-တော်- မတွေးနဲ့၊ မစဉ်းစားနဲ့၊ ဟာ-မရဘူးဗျ၊ မစဉ်းစားနဲ့ပြောလေ စဉ်းစားမိလေ၊ အနားမှာ တိမ်မည်းပုပ်ကြီး ရစ်သိုင်းလွှမ်းခြုံလာသလိုပဲ။

အချိန်ကလည်း ကုန်ခဲလိုက်တာများ။ နောက်ဆုံးတော့ လေးနာရီ ဆယ့်ငါးမိနစ် အချိန်ကို ရောက်လာတယ်။ ပစ္စည်းတွေ သိမ်းဆည်းပြီး ကိုက်နှစ်ရာလောက် ဝေးတဲ့ ဆေးခန်းကို အပြေးတစ်ပိုင်း သွားလိုက်တယ်။

မနက်က ကျွန်တော့်ကို ရှင်းပြတဲ့ သူနာပြုဟာ ဧည့်ကြိုကောင်တာမှာ သူ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်နဲ့ စကားပြောနေတယ်။ ကျွန်တော့်ကို တွေ့တော့ သူ အားပါးတရပြုံးပြီး နှုတ်ဆက်တယ်။

"သူ ဘယ့်နှယ်နေလဲဟင်၊ အဆင်ပြေရဲ့လား"

အသက်တောင် မရှူအားဘဲ အမောတကော မေးလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းပါသတဲ့ရှင်၊ အားလုံးကောင်းပါတယ်၊ မပူပါနဲ့ အသက်လေး ဘာလေး ဝအောင် ရှူပါဦး"

တစ်ယောက်ယောက်အတွက်၊ တစ်စုံတစ်ခုအတွက် စိုးရိမ်သောက မဖြစ်မိတာ နှစ်နဲ့ချီ ကြာခဲ့ပြီဆိုတော့ ခုလို ဖြစ်နေတာ တစ်မျိုးပဲ။

ခွဲစိတ်ပြီးသားတွေထားတဲ့ အခန်းထဲမှာ ဘော့ပ်ဟာ အကောင်းစား လှောင်အိမ်ကလေးထဲ ခွေနေတာကို တွေ့လိုက်ရတယ်။

"ဟေး- ဘော့ပ် ဘော်ဒါ၊ ဘယ့်နှယ်တုံးကွ"

သူက နမ္မူးနထိုင်း ဖြစ်နေတယ်။ ရုတ်တရက် ကျွန်တော့်ကို မမှတ်မိဘူး။ ဒါပေမဲ့ ခဏပါပဲ။ ငုတ်တုတ်ထထိုင်ပြီး လှောင်အိမ်ကို ကုတ်ခြစ်နေပြီ။ 'ကျုပ်ကို လွှတ်ပေး'လို့ ပြောနေသလိုပါပဲ။

ဆေးရုံဆင်းလက်မှတ် ထိုးခိုင်းတယ်။ ထိုးပေးလိုက်တယ်။ စိတ်ချရအောင် ဘော့ပ်ကို သူ အသေအချာ စစ်ဆေးပေးတယ်။

သူနာပြုကလေးမဟာ တကယ် ကူညီတတ်တယ်။ ချစ်စရာလည်း သိပ်ကောင်းတယ်။ စိတ်လည်း အင်မတန်ရှည်တယ်။ ခွဲစိတ်ထားတဲ့ ခွဲကြောင်းကို သူ သေချာပြတယ်။

"တစ်ရက်၊ နှစ်ရက်လောက်တော့ ရောင်နေလိမ့်မယ်နော်၊ ဒါ ပုံမှန်ပါပဲ။ အဲဒီ နေရာမှာ ပြည်တည်လား၊ သွေးထွက်လားတော့ သေချာ ကြည့်ပေးနော်၊ တစ်ခုခုဖြစ်ရင် ဖုန်းဆက်ပါ၊ ပြန်ခေါ်လာခဲ့ပါ၊ ဒါပေမဲ့ ကောင်းမှာ သေချာပါတယ်'

"ဘယ်ချိန်ထိ ခုလို နမ္မူးနထိုင်း ဖြစ်နေမှာလဲ"

"နောက် နှစ်ရက်လောက်ဆို ဒေါင်ဒေါင်မြည် အမြီးတထောင် ထောင်၊ အသံ တညောင်ညောင်နဲ့ မီးဝင်းဝင်းတောက်အောင် လျှောက်ပြေး နေမှာ၊ မပူနဲ့၊ ဒါပေမဲ့ တစ်ကောင်နဲ့တစ်ကောင်တော့ ကွာတာပေါ့၊ တချို့လည်း ချက်ချင်း ပြန်ကောင်းတယ်၊ တချို့လည်း နှစ်ရက်လောက် ကြာတယ်။ များသောအားဖြင့်တော့ လေးဆယ့်ရှစ်နာရီထက် မပိုပါဘူး၊ လောလော ဆယ်တော့ ခံတွင်းပျက်ချင် ပျက်နေလိမ့်မယ်။ ဒါလည်း ပူစရာ မလိုပါဘူး။ အရမ်းကို ထုံထိုင်းပြီး အိပ်ချည်းနေရင်တော့ ဖုန်းဆက်ပြီး ပြန်ခေါ်လာခဲ့ပါ။ တစ်ခါတလေတော့ ရှားရှားပါးပါး ခွဲစိတ်ရာကနေ ပိုးဝင်တတ်တာတွေရှိတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်လည်း ပလတ်စတစ်ပုံးစိမ်းထဲ ဘော့ပ်ကိုထည့်ဖို့ လုပ်ရတာပေါ့။

"နေဦးရှင့်၊ ပိုကောင်းတာလေး ပေးမယ်"

သူ လှစ်ခနဲ ထွက်သွားတယ်။ နှစ်မိနစ်လောက်နေတော့ ပြန်ရောက်လာတယ်။ ချစ်စရာ မိုးပြာရောင် လက်ဆွဲ ကြောင်လှောင်အိမ်ကလေး ပါလာတယ်။

"အို-ဒါ ကျွန်တော့်ဟာမှ မဟုတ်တာ"

"စိတ်မပူနဲ့၊ ယူသာသွား၊ ကျွန်မတို့ ဆေးခန်းမှာ အများကြီး၊ နောက်တစ်ခါ ဆေးခန်းရှေ့က ဖြတ်သွားမှ ဝင်ထားခဲ့ပေါ့"

"တကယ်နော်"

အင်း-ဒီ လှောင်အိမ်ဟာ တစ်ယောက်ယောက် ကျန်ခဲ့တာလား။ မလိုတော့လို့ ချန်ထားခဲ့တာလား မသိပါဘူး။ ကဲလေ-သိပ်စဉ်းစားမနေချင်ပါဘူး။

ခွဲစိတ်မှုက သူ့အပေါ် သက်ရောက်မှုတော့ များသား။ အပြန်တစ်လမ်းလုံး သူ လှောင်အိမ်ထဲမှာ ခွေပြီး လိုက်လာတယ်။ အခန်းထဲရောက်တာနဲ့ သူ့အကြိုက် အပူပေးစက်နား သွားပြီး လှဲချလိုက်တော့တာပဲ။ သူ တစ်ညလုံး အဲဒီမှာ အိပ်နေရှာတယ်။

နောက်နေ့ကျတော့ ကျွန်တော် အလုပ်မသွားနိုင်ဘူး။ သူ့ကို စောင့်ကြည့်နေရတယ်။ နှစ်ဆယ့်လေးနာရီကနေ လေးဆယ့်ရှစ်နာရီထိ အနီးကပ်စောင့်ကြည့်ပေး ဆိုတာကိုး။ သူ မှိန်းနေသလားလို့ သတိထားကြည့်ရတယ်။ တကယ်တော့ ကျွန်တော့်မှာ စားဖို့သောက်ဖို့ ငွေကလိုနေပြီ။ ဒါပေမဲ့ သူတစ်ခုခုဖြစ်သွားရင် ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် နှစ်ဆယ့်လေးနာရီလုံးလုံး အခန်းအောင်းပြီး သူ့ကို စောင့်ကြည့်ရတယ်။

ကံအားလျော်စွာပဲ သူ ဘာမှ မဖြစ်ဘူး။ နောက်နေ့ မနက်မှာ မနက်စာကို သူ တို့ကနန်း ဆိတ်ကနန်းပဲ စားတယ်။ သူနာပြုဆရာမလေး ပြောသလိုပဲ သူ ခံတွင်းပျက်နေတယ်။ ဒါပေမဲ့ ပန်းကန်တစ်ဝက်လောက်တော့ ကုန်ပါတယ်။ မဆိုးပါဘူး။ အခန်းထဲ နည်းနည်းတော့ လှည့်ပတ်ပြီး လျှောက်သွားသေးတယ်။ ပုံမှန်တော့ မဟုတ်သေးဘူးပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

နောက် နှစ်ရက်လောက် အကြာမှာတော့ ပုံမှန်ဘော့ပ် ဖြစ်သွားပြီ။ အစာကို ပလုတ်ပလောင်း အငမ်းမရစားပြီ။ တစ်ချက် တစ်ချက်တော့ နာနေသေးတယ် ထင်တယ်။ လမ်းလျှောက်နေရင်း ရုတ်တရက် ရပ်ရပ်သွားတယ်။ ဒါပေမဲ့ ပြဿနာကြီးတော့ မဟုတ်ပါဘူး။

ဘော့ပ်မှာ ကမြင်းကြောထတာတွေ အရူးထတာတွေ ရှိဦးမှာပဲ။ ဘာပဲပြောပြော သူ့ကို ခုလို ဖြတ်တောက်လိုက်ရတာကို ကျေနပ်မိတယ်။

❖

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

### ယာဉ်စီးလက်မှတ်

နှစ်ပတ်ပြည့်ပြီ။ ဘော့ပ်ကို အပြင်ခေါ်ထုတ်ဖို့ အချိန်တန်ပြီ။ သူလည်း လမ်းတွေပေါ် ပြန်ပြီး လမ်းသလားချင်ရှာမှာပဲလေ။ သူ့အခြေအနေဟာ ခုဆို ပထမဆုံး စတွေ့တုန်းကထက် အများကြီး ကောင်းလာပြီ။ အများကြီး ပိုကျန်းမာလာပြီ။ ဝလည်း အတော် ဝလာတယ်။

နှစ်ပတ်ပြည့်ပြီးလို့ တစ်ရက်၊ နှစ်ရက်ကြာတော့ ဘော့ပ်ဟာ ခေါင်ခေါင်မြည်နေပြီ။ သူ့ကို အောက်ထပ် ခေါ်လာလိုက်တယ်။ တိုက်တန်းထဲက ထွက်ပြီး လမ်းပေါ်ကို လက်ညှိုးညွှန်ပြလိုက်တယ်။

သူ တွေတွေကြီး ရပ်နေတယ်။ ကျွန်တော့်ကို စိတ်ရှုပ်ဟန်နဲ့ ကြည့်နေတယ်။

'ခင်ဗျားကြီးက ကျုပ်ကို ဘာလုပ်စေချင်တာတုံး' လို့ မေးများ နေသလား မသိ။

"ကဲ-သွား သွား သွားလေ"

အသာလေး လက်ကလေးနဲ့ တွန်းထုတ်ကြည့်တယ်။

အမယ်-တုတ်တုတ်တောင် မလှုပ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့နားမှာထိုင်ရင်း အကြည့်ချင်း ပြိုင်နေမိတယ်။ အဲ-သူလှည့်ထွက်သွားပြီ။ လမ်းမဘက်တော့ မဟုတ်ဘူး။ သူ့ကိစ္စကြီးငယ် ရှင်းနေကျ ချုံဘက်။ ကိစ္စရှင်းဖို့ အရင်တွင်းတူးတယ်။ အခင်းကြီးသွားတယ်။ မြေကြီးနဲ့ ပြန်ဖုံးတယ်။ ပြီးတော့ ကျွန်တော့်ဘက် ပြန်လျှောက်လာတယ်။ ရုပ်ကြီးကလည်း-

'ကဲ-ခင်ဗျားလုပ်စေချင်တာ ကျုပ်လုပ်ပြီးပြီ ဘာထပ်လုပ်ရဦးမလဲ' ဆိုပြီး မေးနေသလိုပဲ။

အဲဒီ အချိန်မှာပဲ အတွေးတစ်စဟာ ကျွန်တော့်ခေါင်းထဲကို ပီသကြည်မြစွာ ဝင်လာခဲ့တယ်။

"အင်း-မင်းများ လျှောက်သွားချင်မလားလို့ပါကွာ" လို့ ကျွန်တော် အသံတိမ်ကလေးနဲ့ ပြောမိတယ်။

ကျွန်တော် ကျေနပ်မိတယ်၊ ပျော်မိတယ်။ သူ အမြဲ ဒီလို ငါ့နားမှာ ရှိနေမှာပါလားရယ်လို့ တွေးရင်းပေါ့။ ဒါပေမဲ့ လက်တွေ့ကျကျ စဉ်းစားတော့ အဲသလိုလုပ်လို့ မဖြစ်မှန်း သေချာသိတယ်။ ကျွန်တော်က ကိုယ့်တစ်ဝမ်း တစ်ခါးတောင် အနိုင်နိုင်ရယ်။ ဆေးစွဲကုထုံး ခံယူတုန်းရှိသေးပြီး အနာဂတ်ဆိုတာ ဘာမှ မရေရာတဲ့လူ။ ဘော့ပ်လို အင်မတန် အကင်းပါးပြီး သိတတ်တဲ့ ကြောင်မျိုးကို ကျွန်တော်က ဘယ်မွေးထားနိုင်လိမ့်မလဲလေ။ မွေးထားရင်လည်း ဘယ်တရားပါ့မလဲ။

သူ့ကို လက်လွှတ်လိုက်ရမှာ စိတ်ထဲက မကောင်းလိုက်တာ။ ဒါပေမဲ့ မတတ်နိုင်ဘူး။ သူ့ကို အခန်းထဲထည့်ထားလို့ မဖြစ်တော့ဘူး။ ကျွန်တော် အပြင်ထွက်ရင် သူ့ကို ဘယ်သွားသွား လွှတ်ထားလိုက်ရတော့မှာပဲ။

"အင်း-သံယောဇဉ်ဟာ တယ်ခက်တာပဲ" လို့ တစ်ကိုယ်တည်း ညည်းတွားမိတယ်။

သူကလည်း ဒါကို နည်းနည်းမှ ကြိုက်ပုံ မရဘူး။

ကျွန်တော် ထထွက်ဖို့ ဟန်ပြင်တော့ သူက ကျွန်တော့်ကို သစ္စာဖောက်ဆိုတဲ့ အကြည့်နဲ့ စိန်းစိန်းကြီး ကြည့်နေတယ်။ ဂစ်တာအိတ်ကို လွယ်ပြီး ထထွက်လာတဲ့အခါ သူနောက်ကနေ လိုက်လာတယ်။ လမ်းတစ်လျှောက် မြွေလိမ်မြွေကောက်နဲ့ သူလျှိုတစ်ယောက်လို နောက်က လိုက်လာတာ။ ကျွန်တော် မမြင်အောင်ပေါ့လေ။ ဒါပေမဲ့ သူ့အသွေးအရောင် နီဝါဝါကြီးက အထင်းသား မြင်နေရတာပဲကို။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အရိပ်အယောင် မြင်တိုင်း ကျွန်တော် နောက်လှည့်ပြီး လက်တွေ ဝှေ့ယမ်းပြီး ပြန်သွားဖို့ ခြောက်ထုတ်ပစ်တယ်။ သူက စိန်းစိန်းကြည့်ပြီး ထော့နင်းထော့နင်းနဲ့ ပြန်လှည့်သွားတယ်။ နောက်တော့လည်း ကျွန်တော် ဆိုလိုချင်တာကို သိသွားပုံပါပဲ။ သူ့ကို မတွေ့တော့ဘူး။

ခြောက်နာရီလောက်ကြာတော့ ကျွန်တော် ပြန်လာခဲ့တယ်။ အလိုလေး ကိုယ်တော်က အပေါက်ဝကနေ ထိုင်စောင့်နေတယ်ဗျ။ အင်း-ကျွန်တော်လည်း ဒွိဟတွေ များရပြန်တယ်။ သူ့ကို အခန်းထဲ ပေးမဝင်ချင်စိတ်ရယ်၊ ခြေထောက်နားမှာ ပွတ်သီး ပွတ်သပ် လုပ်နေတဲ့ သင်းကလေးကို အခန်းထဲ ခေါ်သွားချင်စိတ်ရယ်ဟာ လွန်ဆွဲနေတယ်။ နောက်ဆုံးတော့ ခေါ်သွား ရတာပါပဲ။

ကျွန်တော်တို့နှစ်ယောက်ဟာ နောက်သုံးလေးရက်လောက်ထိ ဒီလိုပဲ စခန်းသွားနေခဲ့ရတယ်။ မနက်ဆို အပြင်ထုတ်ထား။ ညဆို အိမ်ထဲပြန်ထည့်နဲ့ သံသရာလည်နေတယ်။ သူကတော့ ကျွန်တော့် အိမ်အပြန်ကို ညနေတိုင်း သစ္စာရှိရှိနဲ့ စောင့်နေတာပါပဲ။ ဘယ်မှကို မသွားဘူး။ ဒါ သိပ်သိသာတယ်။

ကဲ-နောက်တစ်ဆင့် တက်မယ်ကွာ။ သူ့ကို ညဘက်မှာ အခန်းအပြင် ထုတ်ထားလိုက်တယ်။ ပထမဆုံးညမှာ အမှိုက်ပုံးတွေထားတဲ့နားမှာ သူ လမ်းသလားနေတာ မြင်လိုက်တယ်။ ကျွန်တော့်ကို သူမမြင်အောင် ပုန်းနေမိတယ်။ ဒါ အင်မတန် ညံ့တဲ့ တုံးတဲ့ အလုပ်ပဲ။ သူက ကြောင်လေ။ အာရုံငါးပါးကို ခံစားတတ်တဲ့နေရာမှာ သူ့နှုတ်ခမ်းမွေး တစ်ပင်ဟာ ကျွန်တော့် တစ်ကိုယ်လုံးက အမွေးအမှင်အားလုံးထက် သာတယ်လေ။ ကျွန်တော့်ကို သူမမြင်ဘဲ ဘယ်နေမလဲ။ မြင်တော့လည်း ဘယ်နေနိုင်မလဲ။ တိုက်တံခါး ဖွင့်လိုက်တာနဲ့ ညောင်ခနဲ အသံပေးပြီး တံခါးကြားထဲက အတင်းတိုးဝင် လာတော့တာပဲ။ ဒါပေမဲ့ အခန်းထဲ ပေးမဝင်ဘူး။ စင်္ကြံလမ်းပေါ် ပစ်ထားလိုက်တယ်။ မနက်ကျတော့ အခန်းတံခါး ဖွင့်လိုက်တာနဲ့ တံခါးဝမှာ ဝပ်နေတဲ့ သင်းကို တွေ့ရတော့တာပဲ။ တိုက်တံခါး မဖွင့်ပေးလည်း သူ့ဘာသာသူ တိုက်ထဲရောက်အောင် ကြံဖန်ဝင်လာတာပဲ။ ဒီလိုနဲ့ နှစ်ရက်၊ သုံးရက် သံသရာ လည်နေပြန်တယ်။

နောက်ဆုံးတော့ ဒီတိုက်ပွဲမှာ အနိုင်တိုက်မယ်လို့ သူက စိတ်ပိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖြတ်လိုက်ပုံပဲ။ ကျွန်တော့် နောက်ကနေ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်တော်မူတော့တယ်။

လမ်းမကြီးထိ သူတက်လိုက်လာတာ ပထမဆုံးအကြိမ်ပဲ။ ရှူး-ရှဲနဲ့ ခြောက်ထုတ်လိုက်တော့ နောက်ပြန်လှည့်သွားတယ်။ ဒါပေမဲ့ နောက်တစ်ခါမှာတော့ အမြီးထောင်ပြီး တစ်ဟုန်ထိုး ပြေးလိုက်လာခဲ့တယ်။ မနည်း ခြောက်ထုတ်ရတယ်။

တကယ့်ကို တုံးတိုက်တိုက် ကျားကိုက်ကိုက် တစ်ဖွတ်ထိုး ကောင်ကလေးပဲ။ တစ်ဖက်က သဘောကျသလို တစ်ဖက်ကလည်း သူ့ကို သံယောဇဉ် မဖြတ်နိုင်တဲ့အတွက် ကျိန်ဆဲမိတယ်။

သူ နေ့စဉ် အဲသလို လိုက်လိုက်လာတယ်။ တစ်ရက်ရက်တော့ ငြီးငွေ့ပြီး သူ ထွက်သွားလေမလား တိတ်တခိုး မျှော်လင့်မိပေမယ့် အိမ်ပြန်လာတိုင်း ဒီက စောင့်နေသူ ဘော့ပ်ကို တွေ့ရစမြဲပဲ။ အင်း-တစ်ခုခုတော့ ထူးခြားဦးမယ်လို့ ထင်မိတယ်။ တကယ်လည်း ထူးခြားတာပါပဲ။

တစ်ရက်မှာ ကျွန်တော် ထုံးစံအတိုင်း ထွက်လာခဲ့တယ်။ ဂစ်တာအိတ်ရယ်၊ ကျောပိုးအိတ်ရယ်လွယ်ပြီး လှေကားက ဆင်းလာတုန်း စကြံလမ်းမှာ ဘော့ပ်ကိုတွေ့၊ ဟယ်လိုလို့ နှုတ်ဆက်၊ နောက်က တကောက်ကောက်လိုက်၊ ထုံးစံအတိုင်း ခြောက်ထုတ်။

"နေခဲ့ပါကွာ၊ မင်း လိုက်လို့ မရဘူးလေ"

သူ ချာခနဲ လှည့်ထွက်သွားတယ်။ လမ်းပေါ်ရောက်လို့ ပြန်လှည့်ကြည့်တော့ အရိပ်အယောင်တောင် မတွေ့ဘူး။ အင်း-နောက်ဆုံးတော့ သူ သွားပြီပေါ့။ တကယ်သွားပြီနဲ့ တူပါတယ်။

ကိုဗန့်ပန်းခြံသွားဖို့အတွက် မြောက်လန်ဒန်တစ်ခွင်မှာ အစည်ကားဆုံးနဲ့ အန္တရာယ်အများဆုံး တော့တင်ဟမ် အပေါ်လမ်းကို လမ်းဖြတ်ကူးရတယ်။ လမ်းက ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ကျပ်ညပ်နေတယ်။

ဘတ်စ်ကားစောင့်နေတုန်း ခြေထောက်ကို တစ်ခုခု လာပွတ်နေသလို ခံစားရတယ်။ အောက်ငုံ့ကြည့်လိုက်တော့ အမယ်လေး- ဘော့ပ်ပါလား ဟရို့။ ဘယ်လိုများ လမ်းဖြတ်ကူးလာသလဲ မသိဘူး။

"ဟေ့-မင်း ဘာလိုက်လုပ်တာလဲ"

mgyoe.com

mgyoe.com

ကျွန်တော့်ကို သူထုံပေပေ ကြည့်နေတယ်။ အင်းလေ ကျွန်တော်ကလည်း ဘာတွေမေးမိမှန်း မသိပါဘူး။ ဟော-သူ လမ်းကို ပြန်ဖြတ်ကူးဖို့ ပြင်နေပြီ။ ဟင့်အင်း - သိပ်အန္တရာယ်များတယ်။ ကားတိုက်ခံရလိမ့်မယ်။ ဒါ သေကြောင်းကြံတာနဲ့ တူတူပဲ။ ဒါနဲ့ပဲ သူ့ကိုပွေ့ပြီး ပခုံးပေါ် တင်ထားလိုက်မိတယ်။ အမယ်-ကျွန်တော့်ကုပ်ကို ခွစီးပြီး သူ ကျကျနနကြီးကို ထိုင်နေတော့တာပဲ။ ကျွန်တော် လမ်းကူးလိုက်တယ်။

"ကဲ-ပြန်တော့ကွာ၊ ဒီလောက်ဆို တော်ရောပေါ့"

ဘော့ပ်ကို အောက်ချပြီး တရှူးရှူး ခြောက်ထုတ်တယ်။ အင်း-ဒါ သူ့ကို နောက်ဆုံး တွေ့ခွင့်ရတာများ ဖြစ်နေမလားပဲ။ ခုဆို အိမ်နဲ့ သိပ်ဝေးသွားပြီ။ သူ ပြန်တတ်ပါ့မလား။

ခဏနေတော့ ဘတ်စ်ကား ရောက်လာတယ်။ ရှေးတုန်းက အနီရောင် နှစ်ထပ် ဘတ်စ်ကားမျိုးပေါ့။ နောက်ပေါက်ကနေ ခုန်တက်လိုက်တယ်။ နောက်ဆုံးတန်းမှာ ထိုင်လိုက်တယ်။ ဂစ်တာအိတ်ကို ပစ္စည်းတင်တဲ့နေရာမှာ ထောင်လိုက်တယ်။ ဟဲ့- ဘာတုံး။ ဘာမှန်း မသိလိုက်ခင်မှာ ဘော့ပ်ဟာ ကျွန်တော့်ဘေးခုံပေါ် ခုန်တက်လိုက်တာ တွေ့လိုက်တော့တာပါပဲ။

ခဏလောက် မှင်တက်သွားပြီးတဲ့နောက် ကျွန်တော် သေချာ သိသွားတယ်။ ကျွန်တော် ဒီကြောင်ကို ဘယ်တော့မှ စွန့်နိုင်တော့မှာ မဟုတ်ဘူး။ ဘယ်တော့မှ မစွန့်ပစ်တော့ဘူး။

ပေါင်ပေါ် တက်ခိုင်းလိုက်တယ်။ သူက မျက်လုံးကြီး မှိတ်တုတ် မှိတ်တုတ်လုပ်ရင်း ပေါင်ပေါ်တက်ထိုင်တယ်။ ခဏနေတော့ စပယ်ယာ မိန်းမကြီး ရောက်လာတယ်။ သဘောမနောကောင်းပုံနဲ့ အနောက်အင်ဒီးယန်း မကြီး။ သူက ဘော့ပ်ကို ပြုံးပြုံးကြီး ကြည့်နေတယ်။ ပွတ်သပ်ပေးပြီး-

"ဒီကောင်ကြီးက ရှင့်ကြောင်လား" တဲ့။

"အင်း-သူ ကျွန်တော့်ကြောင် ဖြစ်ကို ဖြစ်ရမယ်လို့ ကျွန်တော် ထင်တယ်" လို့ ကျွန်တော် ဖြေလိုက်တော့တယ်။

❖

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

## အာရုံကျရာ

နောက် လေးဆယ့်ငါးမိနစ်လုံးလုံး ဘော့ပ်ဟာ ကျွန်တော့်ဘေးမှာထိုင်ရင်း ဘတ်စ်ကားမှန်ကတစ်ဆင့် အပြင်လောကကြီးကို မမှိတ်မသုန် လိုက်ကြည့်နေတယ်။ ကားတွေ၊ ဆိုင်ကယ်တွေ၊ လမ်းသွားလမ်းလာတွေကို ရဲရဲကြီးကြည့်နေတယ်။

ဥသြသံ နီးနီးကပ်ကပ် ကြားတဲ့အချိန်မျိုးကျမှ သူ့အကြည့်ကို ခွာပြီး ကျွန်တော့်ကို မော့ကြည့်ရှာတယ်။ ဒီအပြုအမူကြောင့်မို့ ကျွန်တော်အံ့အားသင့်ရပြန်တယ်။ တကယ်လို့သာ ဘော့ပ်ဟာ လေလွင့်ကြောင် ဇကန်အမှန်ဖြစ်ခဲ့ရင် ဥသြသံဟာ သူ့အဖို့ နားယဉ်နေရမယ် မဟုတ်လား။

လည်ကုပ်လေးကို အသာပွတ်ပေးရင်း-

"မပူနဲ့ကွ၊ လန်ဒန်ဟာ ဒီလိုပဲ၊ နောက်တော့ အသားကျသွားလိမ့်မယ်" လို့ သူ့ကို ပြောမိတယ်။

သူဟာ လမ်းပျော်ကြောင်၊ အချိန်မရွေး ထွက်သွားနိုင်တယ်လို့ သိပါရက်နဲ့ပဲ သူ ကျွန်တော်နဲ့အတူ တစ်သက်လုံး နေသွားတော့မှာဆိုတဲ့ ခံစားချက်က ဝင်နေတာ ခွတော့ကျသားပဲ။ ဒီလို ခရီးအတူသွားတာဟာ ဒါ

mgyoe.com

mgyoe.com SAMPLE BOOK

ပထမဆုံးအကြိမ် ဖြစ်ပေမယ့် နောက်ဆုံးအကြိမ် မဟုတ်ဘူးဆိုတာ ကျွန်တော် စိတ်ထဲက သိနေတယ်။

တော့တင်ဟာမ် တရားရုံးလမ်း မှတ်တိုင်မှာ ဆင်းလိုက်တယ်။ ဂစ်တာ အိတ်ရယ်၊ ကျောပိုးအိတ်ရယ်ကိုလွယ် ဘော့ပ်ကို ပခုံးပေါ်တင်ပြီး မြေအောက် ဥမင်ကို ရှေးရှုလျှောက်တယ်။ ကုတ်အင်္ကျီအိတ်တွေထဲ နှိုက်ကြည့်တော့ ဖိနပ်ကြိုးတစ်ချောင်း တွေ့တယ်။ ဒါနဲ့ သူ့လည်ပင်းကိုအသာလေး ချည်ပြီး လမ်းလျှောက်ခိုင်းရတယ်။ လျှောက်ပြေးလို့ ပျောက်သွားမှာ စိုးတယ်လေ။ တော့တင်ဟာမ် တရားရုံးလမ်းနဲ့ နယူးအောက်စဖို့ဒ်လမ်းသစ်ရဲ့ လမ်းဆုံဟာ အင်မတန် စည်ကားတဲ့ နေရာဆိုတော့ ဘော့ပ်ဟာ စက္ကန့်ပိုင်းအတွင်း ပျောက်သွားနိုင်တယ်။ ဒါမှ မဟုတ် ကားကြိတ်လို့ စိစိညက်ညက် ကြေသွားနိုင်တယ်။

ဒီနေရာဟာ ဘော့ပ်အတွက် ပကတိ နယ်စိမ်းပယ်စိမ်းမို့ သူ ကြောက်နေရှာမှာပဲ။ ခန္ဓာကိုယ်ကြီး တောင့်တင်းနေပုံထောက်ရင် သူ မသက်မသာ ဖြစ်နေပုံရတယ်။ ဒါကြောင့်မို့ ကိုဗန့်ပန်းခြံကို နောက်ဖေး လမ်းကြား ဖြတ်လမ်းတွေက တစ်ဆင့်သွားဖို့ ဆုံးဖြတ်လိုက်တယ်။

"ကဲ-လာ ဘော့ပ်ရေ၊ မင်းကို လူရှင်းတဲ့နေရာက ခေါ်သွားမကွာ"

ဘော့ပ်ဟာ ရာနှုန်းပြည့် ပျော်ပုံတော့ မပေါ်ပါဘူး။ ကျွန်တော့်ကို ခဏ ခဏ မော့ကြည့်နေတယ်။ နည်းနည်းလျှောက်ပြီးတဲ့ အခါမှာတော့ သူ့ကို ချီသွားစေချင်တယ်ဆိုတာ အတော် ထင်ရှားလာတယ်။

"ကဲ-လာဟာ၊ အကျင့်တော့ မလုပ်နဲ့နော် ငါ့ကောင်"

သူ့ကိုချီ ပခုံးပေါ် တင်လိုက်ရတယ်။ အမယ်လေး ကုပ်ကိုခွ ညာဘက် လက်ပြင်ပေါ် နေရာယူ၊ လက်ချောင်းတွေကို ကျွန်တော့် လက်မောင်းထိပ်မှာ ကျကျနနတင်ပြီး ထိုင်နေလိုက်တာ ပင်လယ်ဓားပြသင်္ဘောပေါ် ငှက်သိုက် ဝင်ဆောက်ထားသလိုပဲ။ စိတ်ထဲက ကျိတ်ရယ်မိတယ်။ ကြက်တူရွေး တစ်ကောင် ပခုံးပေါ် တင်ထားတတ်တဲ့ ရတနာကျွန်းဝတ္ထုထဲက ဗီလိန် ဓားပြကြီး လောင်းဂျွန်ဆေးလ်ဗား ဖြစ်ပဟေ့လို့ပေါ့။ မတူတာကတော့ ကျွန်တော်က ကြက်တူရွေးအစား ကြောင်တင်ထားတာပဲ။

ကိုယ်တော်ချောက ကျွန်တော့် ပခုံးပေါ်မှာ အလွန် အင်မတန် သက်သောင့် သက်သာရှိပုံပါပဲ။ သူအသက်ရှူနေတာကို လည်ကုပ်ကတစ်ဆင့်

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားရင်း နယူးအောက်စဖို့ဒ် လမ်းကိုဖြတ်၊ လမ်းကြားကလေးတွေကနေ ကိုဗန့်ပန်းခြံဆီ ဦးတည်လာခဲ့တယ်။

လူအုပ်ကြီးဟာ ခုနကလို ကျပ်ခဲမနေတော့ဘူး။ ဘော့ပ်ပါလာတာကို ကျွန်တော် မေ့စပြုပြီ။ ငါးနာရီဆက်တိုက် အလုပ်လုပ်ဖို့ ရာသီဥတုက ခွင့်ပြုပါ့မလား။ အင်း-ဖြစ်ချင် ဖြစ်နိုင်ပါတယ်။ တိမ်ဖြူတွေပဲ တွေ့နေရလို့ မိုးရွာဖို့ သိပ်မရှိလောက်ပါဘူး။ ကိုဗန့်ပန်းခြံမှာ ဘယ်လိုလူမျိုးတွေ ရှိနေမလဲ။ အီစတာပွဲတော်နား နီးပြီဆိုတော့ ခရီးသွားတိုးရစ်တွေ များမယ်ထင်ပါတယ်။ နောက်သုံးလေးရက်စာ ဘော့ပ်နဲ့ ကျွန်တော့်အတွက် ပေါင်နှစ်ဆယ်၊ သုံးဆယ် လောက်ရဖို့ ဘယ်လောက်ကြာကြာများ ဖျော်ဖြေရမလဲ မသိ။ မနေ့ကတော့ ငါးနာရီဆက်တိုက် အလုပ်လုပ်ရတယ်။ ဒီနေ့ ပိုကောင်းမလား၊ ပိုဆိုးမလား၊ ဘယ်သိနိုင်မလဲလေ။ သဒ္ဓါကြေးပဲ ရတာကိုးနော်။

စဉ်းစားရင်း လျှောက်လာလိုက်တာ တစ်ခုခု ထူးခြားနေတာကို ရုတ်တရက် သတိထားလိုက်မိတယ်။

ပုံမှန်အားဖြင့် ကျွန်တော့်ကို ဘယ်သူမှ အရေးတယူလုပ်ပြီး စကား မပြောဘူး။ ယုတ်စွအဆုံး အကြည့်ချင်းတောင် မဆုံကြဘူး။ ဖျော်ဖြေသူ ဘာညာ သာရကာ ဘယ်လိုပဲ ပြောနေနေ တကယ်တော့ ကျွန်တော်ဟာ ဖုန်းတောင်းယာစကာပဲလေ။ လန်ဒန်လို မြို့တော်ကြီးမှာ ကျွန်တော်ဆိုတဲ့ ကောင်ဟာ ရှောင်ကြဉ်ရမယ့် အကောင်မျိုးပေါ့။ ကျက်သရေတုံးပေါ့။ ခုတော့ နီးလ်လမ်းတစ်လျှောက် ဆင်းလာတုန်း လူတိုင်းနီးပါးက ကျွန်တော့်ကို လှည့်ကြည့် လှည့်ကြည့်နဲ့ဗျာ။ အင်း-တကယ်တော့ ဘော့ပ်ကို ကြည့်တာ ပါလေ။

သူတို့ အကြည့်တွေဟာ စူးစမ်းချင်စိတ်လည်းပါ နားလည်ရ ခက်နေတာလည်း ပါတာပေါ့။ ဒါ ကျွန်တော် မှန်းဆကြည့်လို့ ရပါတယ်။ စုတ်ပြတ်သတ်နေတဲ့ ဆံရှည်အပေအတေ တစ်ကောင်ဟာ ဧရာမ ကြောင်ဝါ ကြီးကို ပခုံးပေါ်တင်ပြီး လျှောက်လာတာမျိုး လန်ဒန်မှာ နေ့တိုင်း မြင်နေကျမှ မဟုတ်တာ။

ဒါပေမဲ့ အများစုကတော့ ဘော့ပ်ကို မြင်လိုက်တာနဲ့ ပြုံးယောင် သန်းသွားကြတယ်။ မကြာပါဘူး၊ ဝတ်ကောင်းစားလှနဲ့ သက်လတ်ပိုင်းအရွယ်

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးကြီး တစ်ယောက်ဟာ ဈေးဝယ်အိတ်တွေဆွဲပြီး မျက်နှာချင်းဆိုင် လျှောက်လာတယ်။ ကျွန်တော်တို့ကိုလည်း မြင်ရော-

"အမယ်လေး ကြည့်စမ်းပါဦး၊ ခုံလိုက်တဲ့ကောင်ကြီး၊ ငါ သူ့ကို ပွတ်ပေးလို့ရမလား မောင်ရင်" လို့ ပြောပါလေရော။

"ဟုတ်ကဲ့ပါ ရပါတယ်" လို့ပြောပြီး ရပ်လိုက်တယ်။

သူက အိတ်တွေကိုချပြီး ဘော့ပ်ကို ပွတ်သပ်ရင်း-

"ချစ်စရာကောင်းလိုက်တာကွာ၊ အထီးကလေး မဟုတ်လား" လို့ မေးတယ်။

"ဟုတ်ပါတယ် ခင်ဗျ"

"ကြည့်ပါဦး၊ မင့်ပခုံးပေါ်မှာ ဖိမ်ကျနေလိုက်တာ၊ ကြောင်တွေဟာ အဲသလိုမျိုး နေတတ်တာရှားတယ်ကွဲ၊ ကြည့်ရတာ မင်းကို သူ သိပ်ကိုယုံပုံပဲ"

ဘွားတော်ကြီးကို ဂွတ်ဘိုင်လုပ်ပြီးတော့ ကောင်မလေးနှစ်ယောက် အနားကပ်လာပြန်တယ်။ ခုနက အဘွားကြီး ဘော့ပ်ကို ပွတ်သပ်နေတာ မြင်တော့ သူတို့လည်း အဲသလို လုပ်ချင်ပုံပဲ။ ကြည့်ရတာ အားလပ်ရက် ခရီးထွက်လာတဲ့ ဆွီဒင်မလေးတွေ ထင်တယ်။

"သူ့နာမည် ဘယ်လို ခေါ်လဲဟင်၊ ဓာတ်ပုံရိုက်လို့ ရမလား"

ကင်မရာကြီးတွေ တကားကား လုပ်နေမှတော့ ခေါင်းညိတ်ပြရတာ ပေါ့ဗျ။

"သူ့နာမည်က ဘော့ပ်ပါ"

"အား-ဘော့ပ်တဲ့၊ မိုက်တယ်ဟဲ့"

တစ်မိနစ်၊ နှစ်မိနစ်လောက် သူတို့နဲ့ စကားပြောရတယ်၊ ကောင်မကလေး တစ်ယောက်မှာလည်း ကြောင်ပါလာတယ်။ ကျွန်တော်နဲ့ သူ့ကြောင်ကိုလည်း ဓာတ်ပုံရိုက် သွားသေးတယ်။ အမြန် စကားဖြတ်ပြီး လစ်ရတယ်။ နို့မို့ရင် ပြီးတော့မှာ မဟုတ်ဘူး။

နီးလ်လမ်း အဆုံးထိလျှောက်၊ ပြီးတော့ လောင်းဧကေဘက်ကိုချိုး။ ဒါပေမဲ့ ခရီး မတွင်ပါဘူး။ သုံးလှမ်း တစ်ခါလောက် ရပ်ပြီး ဘော့ပ်ကို ပွတ်ချင်သပ်ချင်သူတွေအတွက် အချိန်ပေးနေရတယ်။

အမယ်လေးလေး-ဒီတိုင်းဆို ဘယ်မှ ရောက်မှာ မဟုတ်ဘူး။ ပုံမှန်ဆို ဘတ်စ်ကားဂိတ်ကနေ ကိုဗင့်ဂန်းခြံထိ ဆယ်မိနစ်လောက်ပဲ ကြာတာ။

mgyoe.com

mgyoe.com SAMPLE BOOK

ခု အချိန်နှစ်ဆလောက် ကြာတာတောင် မရောက်နိုင်သေးဘူး။ လူတိုင်းက ဘော့ပ်ကို နှုတ်ဆက်ချင်နေကြတာ။ ခက် ခက်ရချည့်။

ကိုဗန့်ပန်းခြံထိ တစ်နာရီနီးပါး လျှောက်လိုက်ရတယ်။

"ကိုင်း- ငါ့ကောင်၊ ကျေးဇူးပဲကွာ၊ မင်းကြောင့် ငါတော့ ငွေရနည်းတော့ မဟော့"လို့ စိတ်ထဲက ဖြစ်မိသေးတယ်။

တကယ်တော့ ဒါဟာ အတော်ကြီးတဲ့ ပြဿနာဗျ။ ဒီလိုသာ နေ့တိုင်းဖြစ်မယ် ဆိုရင်တော့ သူ့ကို ခေါ်ခဲ့လို့ မဖြစ်ဘူးလို့ စဉ်းစားမိတယ်။ ဒါပေမဲ့ ဒီအတွေးဟာ ဘာမှ မကြာလိုက်ပါဘူး။

အဲဒီ အချိန်မှာ ကျွန်တော် ကိုဗန့်ပန်းခြံထဲ ဂစ်တာတီး သီချင်းဆိုပြီး တောင်းစားနေတာ တစ်နှစ်ခွဲလောက်ရှိပြီ။ ပုံမှန်အားဖြင့် နေ့လယ်နှစ်နာရီ၊ သုံးနာရီလောက်မှာ အလုပ်စပြီး ညရှစ်နာရီလောက် သိမ်းတာပေါ့။ အဲဒီအချိန်က လူအစည်ဆုံးကိုး။ စနေ၊ တနင်္ဂနွေဆို နေ့လယ်စာမတိုင်ခင် စောစောစတယ်။ ကြာသပတေး၊ သောကြာ၊ စနေမှာ နည်းနည်း နောက်ကျတဲ့ထိ အလုပ်လုပ်တယ်။ လန်ဒန်သားတွေ အဲဒီ  အချိန်မှာ အပြင်ထွက်ကြတာကိုး။

ကျွန်တော် ဖျော်ဖြေတာကို နားထောင်မယ့် ပရိသတ်ကို ရှာတတ်ဖို့ အတော် သင်ယူခဲ့ရတယ်။ ကျွန်တော့်နေရာက ကိုဗန့်ဥယျာဉ် မြေအောက်ဘူတာ ထွက်ပေါက် ဂျိမ်းစ်လမ်းပေါ်မှာ။ ညနေ ခြောက်ခွဲလောက်ထိ အဲဒီနေရာမှာ အလုပ်လုပ်တယ်။ ပြီးရင်တော့ ဥယျာဉ်ထဲက ဘီယာဆိုင်တွေရှေ့မှာပေါ့။ အမြဲတော့ အန္တရာယ်ကင်းတာ မဟုတ်ပါဘူး။ တချို့လူတွေဆို-

'မအေပေး သူတောင်းစား သွားစမ်းကွာ'

'ဟဲ့ကောင် သောက်ပျင်း၊ သောက်လုပ်မလုပ်ချင်တိုင်း လာတောင်း မနေနဲ့'

စသဖြင့် ဆဲဆိုလွှတ်ပါတယ်။ ကျွန်တော်လည်း ဒါမျိုး ဆဲခံရတာ ထုံနေပါပြီလေ။ လူတွေဟာ တစ်ပေါင်လောက်ပေးဖို့ထက် သီချင်းနားထောင်ဖို့သာ ပိုအာရုံကျကြတာကိုး။

မြေအောက်ဘူတာ ထွက်ပေါက်ကလွဲလို့ ကျန်တဲ့ ဂျိမ်းစ် လမ်းတစ်လျှောက်တော့ ဖျော်ဖြေတာ မလုပ်ရဲဘူး။ ဒီလိုလေ-

ကိုဗန့်ဥယျာဉ်မှာ လမ်းပေါ်က လူတွေနဲ့ပတ်သက်လို့ နယ်မြေတွေ

mgyoe.com

mgyoe.com
SAMPLE BOOK

တိတိကျကျ ခွဲပေးထားတယ်။ ကိုဗန့်သခင်ကြီးများလို့ ကျွန်တော်တို့ကခေါ်တဲ့ ဒေသခံကောင်စီက အရာရှိတွေက ထိန်းချုပ်ခွဲပေးတာပါ။

ကျွန်တော့်နေရာက ကိုဗန့်ဥယျာဉ်အရှေ့ခြမ်း၊ တော်ဝင်အော်ပရာ ပြဇာတ်ရုံနဲ့ ဘိုးလမ်းရဲ့ကြားက နေရာပဲ။ ကိုဗန့် သခင်ကြီးများရဲ့ အလိုအရ အဲဒါ ဂီတသမားတို့ရဲ့ ဘူမိနက်သန်တဲ့လေ။ အနောက်ခြမ်းက ပါဖောင်းမန့် သမားတွေ အတွက်တဲ့။ ဆပ်ကပ်သမားတွေ အတွက်ကတော့ ပန့်ချ်နဲ့ဂျူဒီ ဘီယာဆိုင် အမိုးအောက်တဲ့။

ဂျိမ်းစ်လမ်းက လူသားရုပ်တုသမားတွေအတွက်။ အဲဒီလိုလူတွေ အတော်များတယ်။ တစ်ယောက်ဆို ချာလီချက်ပလင်လိုလုပ်တာ အတော် မိုက်တယ်။ ဒါကြောင့် ဂျိမ်းစ်လမ်းက မြေအောက်ဘူတာ အထွက်နားမှာ ဖျော်ဖြေရတဲ့အလုပ်ဟာ စွန့်စားခန်း တစ်ခုပဲ။ ဘူတာက ထွက်လာတဲ့ လူအုပ်က အများကြီးကိုး။ တစ်ထောင်မှာ တစ်ယောက်ပဲ ကျွန်တော့်ကို ငွေနှံကြဦးတော့ အတော်လေး အိုကေ စိုပြည်ဖြစ်မှာ။

ကျွန်တော့်နေရာလေးရောက်တော့ နေ့လယ် သုံးနာရီကျော်ကျော်။ အားကစားရုံက ပြန်လာပုံပေါ်တဲ့ ဂေးတပွေဟာ ဘာမပြော ညာမပြောနဲ့ ဘော့ပ်ကို ကြည့်ပြီး ရောင်းမလားတဲ့။ တကယ် အတည်ကြီး မေးနေတာ။

"ဘော်ဒါရေ သူက ရောင်းဖို့ မဟုတ်ပါဘူး"

ကျွန်တော် သူ့ကို ယဉ်ယဉ်ကျေးကျေးပဲ ပြောတယ်။ ငနဲက စိတ်မပြတ်ဘူး၊ လှည့်ကြည့် လှည့်ကြည့်နဲ့။

ဟိုဟို ဒီဒီ တောင်ကြည့် မြောက်ကြည့် လုပ်ရသေးတယ်။ ကိုဗန့် သခင်ကြီးတွေ မရှိဘူးဆိုတာ သေချာတယ်။ ဒါတောင် မြေအောက်ဘူတာ အလုပ်သမားနှစ်ယောက်က ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသေးတယ်။ ကျွန်တော် ဒီနေရာမှာ ဖျော်ဖြေခွင့် မရှိတာ သူတို့ သိတယ်လေ။ ဒါပေမဲ့ အနှောင့်အယှက် မပေးပါဘူး။

ဘော့ပ်ကို အသာလေး နံရံနားမှာချ၊ ဂစ်တာအိတ်ကိုဖွင့်၊ ကြိုးညှိ၊ ဘော့ပ်ကို ပွင့်နေတဲ့ ဂစ်တာအိတ်ထဲထည့်။

ပုံမှန်ဆို ကြိုးညှိပြီး ဂစ်တာတီး သီချင်းဆိုလို့ ဆယ်မိနစ်လောက် ကြာမှာ လူလေး ဘာလေး သတိထားမိတာ။ ဒီနေ့တော့ ဘာမှတောင် မလုပ်ရသေးဘူး။ လူနှစ်ယောက်လောက် အကြွေစေ့လေးတွေ ဂစ်တာအိတ်ထဲ

mgyoe.com